ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

---

# မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

---

စာတမ်းပြုစုသူ- ဒေါ်လွဲ့လွဲ့ခိုင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ

## မာတိကာ

နိဒါန်း

၁။ မလေးရှားနိုင်ငံ၏ ပထဝီအနေအထား

၂။ နိုင်ငံ၏ သမိုင်းကြောင်း

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်း

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်သည့် ခုနှစ်များ

၅။ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

၆။ ပြည်ထောင်စု၏ ကိုးကွယ်ရာဘာသာ

၇။ အခြေခံလွတ်လပ်ခွင့်များ

၈။ နိုင်ငံသားဖြစ်မှု

၉။ ပြည်ထောင်စု (ပြည်ထောင်စု၏ အကြီးအကဲဘုရင် နှင့် ကြင်ယာတော်)

၁၀။ ဘုရင်အဖြစ် ရွေးကောက်တင်မြှောက်ရန် သတ်မှတ်ထားသည့် အရည်အချင်းများ

၁၁။ အုပ်ချုပ်သူများညီလာခံ

၁၂။ အုပ်ချုပ်ရေး

၁၃။ ပြည်နယ်များ (ပြည်နယ်အုပ်ချုပ်သူအကြီးအကဲ)

၁၄။ ပြည်ထောင်စုနှင့် ပြည်နယ်ဆက်နွယ်မှု

၁၅။ ဥပဒေပြုရေး

၁၆။ ဥပဒေကြမ်းတစ်ရပ်အာဏာသက်ဝင်မှု

၁၇။ ပြည်ထောင်စု၏ ဥပဒေပြုစာရင်း

၁၈။ ပြည်နယ်ဥပဒေပြုစာရင်း

၁၉။ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ် နှစ်ခုအတွက် နောက်ဆက်တွဲဥပဒေပြုစာရင်း

၂၀။ ပြည်နယ်အားလုံးအတွက် တစ်ပြိုင်တည်းဥပဒေပြုအာဏာ

၂၁။ ဆာဘာနှင့်ဆာရာဝပ်အတွက် နောက်ဆက်တွဲတစ်ပြိုင်တည်းဥပဒေပြုစာရင်း

၂၂။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရမည့် ပြဋ္ဌာန်းချက်များ

၂၃။ ရွေးကောက်ပွဲများ

၂၄။ တရားစီရင်ရေး

၂၅။ ဖက်ဒရယ်တရားရုံး၏ လုပ်ငန်းတာဝန်များ

၂၆။ Privy Council ၏ အခန်းကဏ္ဍနှင့်မလေးရှားနိုင်ငံ

၂၇။ ရပ်ရွာအေးချမ်းသာယာရေးကို နှောက်ယှက်ခြင်း၊ ထိခိုက်နစ်နာစေခြင်းများအတွက် ပါလီမန်က ဥပဒေပြုခြင်း

၂၈။ အရေးပေါ်အခြေအနေကြေညာခြင်း

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၃၀။ မလေးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းတို့အား နှိုင်းယှဉ်လေ့လာတင်ပြခြင်း

၃၁။ မလေးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ပညာရှင်များ၏ သုံးသပ်ချက်များကို တင်ပြခြင်း

၃၂။ ပြည်နယ်၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုကဝင်ရောက်စွက်ဖက်ခဲ့သောအမှု

နိဂုံး

## မလေးရှားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

### နိဒါန်း


၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို သုတေသနပြုလေ့လာတင်ပြခဲ့ရာ ယခုတင်ပြသည့်စာတမ်းမှာ မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဖြစ်ပါသည်။ မလေးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဤခုံရုံးမှထုတ်ဝေသည့် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အဘိဓာန် အတွဲ ၂ တွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် Common Law စနစ် ကျင့်သုံးသည့် နိုင်ငံဖြစ်ပြီး အစိုးရစနစ်မှာ စည်းမျဉ်းခံဘုရင်စနစ် ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော မလေးရှားဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေအား မလေးရှားပြည်ထောင်စု၏ အကြီးအကဲဖြစ်သော ဘုရင်၏သဘောတူညီချက်အရ ၂၀၂၀ ခုနှစ်တွင် ၁၇ ကြိမ်မြောက်ထုတ်ဝေခဲ့ပြီး အပိုင်း ၁၆ ပိုင်း၊ အပိုဒ် (Article) ၁၈၃ ခုနှင့် ဇယား ၁၃ ခု ပါဝင်ကြောင်း တွေ့ရှိရပါသည်။ မလေးရှားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တည်ထောင်ထားခြင်းမရှိဘဲ တရားစီရင်ရေးအာဏာကို Federal Court ကလည်းကောင်း၊ ဥပဒေပြုရေးအာဏာကို ပါလီမန်က လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို ဘုရင်နှင့်ကက်ဘိနက်အဖွဲ့ကလည်းကောင်း ကျင့်သုံးဆောင်ရွက်ပါသည်။ မလေးရှားနိုင်ငံသည် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်း(AACC)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဓနသဟာယအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါသည်။ ဤစာတမ်းတွင် မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို တင်ပြထားသည့်အပြင် ပြင်ဆင်မှုအပိုင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် နှိုင်းယှဉ်လေ့လာ သုံးသပ်တင်ပြထားပါသည်။

### မလေးရှားနိုင်ငံ၏ ပထဝီအနေအထား

၂။ အာရှဖက်ဒရေးရှင်းနိုင်ငံဟုခေါ်သော မလေးရှားနိုင်ငံသည် ထိုင်းနိုင်ငံ(Thailand)၏ တောင်ဘက် မလေးကျွန်းဆွယ်(Malay Penisula) နှင့် ဘိုနီယိုကျွန်း (Borneo) ၏ မြောက်ပိုင်းတွင်ရှိသော ပြည်နယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ဧရိယာစတုရန်းကီလိုမီတာ (၃၃၀,၀၀၀) ခန့် ကျယ်ဝန်းပါသည်။ မြန်မာနိုင်ငံသည် စတုရန်းကီလိုမီတာ ၆၇၆,၅၇၈ ကျယ်ဝန်းသဖြင့် မြန်မာနိုင်ငံက မလေးရှားနိုင်ငံထက် ၂ ဆကျော်ပို၍ ကျယ်ဝန်းသည်ကို တွေ့ရှိရပါသည်။ မလေးရှားနိုင်ငံ၏ မြောက်ဘက်တွင် တောင်တရုတ်ပင်လယ် (South China Sea) တည်ရှိပြီး မလေးကျွန်းဆွယ် (Malay Penisula) ၏ တောင်ဘက်တွင် မလက္ကာ (Malacca) ရေလက်ကြားနှင့် စင်္ကာပူနိုင်ငံ (Singapore) တို့ တည်ရှိပါသည်။ မလေးရှားနိုင်ငံ၏ လူဦးရေမှာ ၂၀၂၂ ခုနှစ်တွင် (၃၃.၈၇) သန်းကျော်ရှိပါသည်။ နိုင်ငံတော်ဘာသာစကားမှာ မလေးဘာသာစကားဖြစ်ပြီး အင်္ဂလိပ်ဘာသာကိုလည်း ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုနိုင်ပါသည်။ ပြည်ထောင်စုနယ်မြေ

ဖြစ်သော ကွာလာလမ်ပူ (Kuala Lumpur) သည် မလေးရှားနိုင်ငံ၏ မြို့တော်ဖြစ်၍ အကြီးဆုံး မြို့လည်းဖြစ်ပါသည်။ မလေးရှားနိုင်ငံ၏ဒုတိယမြောက် ပြည်ထောင်စုနယ်မြေမှာ ဘိုနီယိုကျွန်း (Borneo) ပေါ်ရှိ လက်ဘူရန် (Labuan)ဖြစ်၍ တတိယမြောက်ပြည်ထောင်စုနယ်မြေဖြစ်သော ပူထရာဂျာရာ (Putrajaya) ကို ၂၀၀၁ ခုနှစ် တွင် တည်ထောင်ခဲ့သည်။ ပူထရာဂျာရာသည် ကွာလာလမ်ပူမြို့တော်၏ တောင်ဖက် ၁၅ မိုင် အကွာတွင်တည်ရှိပြီး တိုင်းပြည်၏အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့၏ ရုံးစိုက်ရာဌာန ဖြစ်ပါသည်။ နိုင်ငံ၏မြို့တော် ကွာလာလမ်ပူသည် နိုင်ငံ၏ အကြီးအကဲဖြစ်သော ဘုရင်နှင့် ဥပဒေပြုရေးတို့၏ ရုံးစိုက်ရာဌာနဖြစ်ပြီး လူဦးရေအလွန်အကျွံ ထူထပ်ပိတ်ဆို့မှုကြောင့် ပူထရာဂျာရာသို့ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို ပြောင်းရွှေ့ ရုံးထိုင်စေခဲ့ခြင်းဖြစ်ပါသည်။ မလေးရှားနိုင်ငံတွင် မလေးလူမျိုး၊ တရုတ်လူမျိုးနှင့် အိန္ဒိယလူမျိုး အများစုတို့ အခြေချနေထိုင်လျက်ရှိပါသည်။

: States and federal territories of Malaysia, Divisions of Malaysia, and Districts of Malaysia




၃။ သဘာဝသယံဇာတအရင်းအမြစ် ကြွယ်ဝချမ်းသာသော မလေးရှားနိုင်ငံသည် ရာဘာ၊ စားအုန်းဆီ၊ ရေနံထွက်ပစ္စည်းများနှင့် အီလက်ထရောနစ်အပိုပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချသည်။ အဓိက ကောက်ပဲသီးနှံများမှာ ရာဘာ၊ သစ်နှင့် ဆန်စပါးတို့ဖြစ်၍ မလေးရှားနိုင်ငံသည် အာရှတွင် လူနေမှုအဆင့်အတန်း မြင့်မားသည့်နိုင်ငံဖြစ်ပါသည်။

## နိုင်ငံ၏ သမိုင်းကြောင်း

၄။ မလေးကျွန်းဆွယ်တွင် ဘီစီ ၂၅၀၀ နှင့် ၁၅၀၀ ကြားကာလ၌ တရုတ်နိုင်ငံမှ လူများ ရောက်မလာမီကပင် နှစ်ပေါင်းထောင်နှင့်ချီ၍ လူပေါင်းများစွာ အခြေချနေထိုင်ခဲ့ကြသည်။ အဆိုပါဒေသသို့ ခရစ်တော်မတိုင်မီက ရောက်ရှိခဲ့သော လူမျိုးများတွင် Proto- and Deutero-Malay လူမျိုးများ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူလူမျိုးများ ပါဝင်ခဲ့သည်။ အရှေ့တောင်အာရှကို အေဒီ (၁၃) ရာစုတိုင်အောင် ဟိန္ဒူအင်ပါယာအဖြစ် အုပ်စိုး

ခဲ့ပြီး မလေးရှားနိုင်ငံအစိုးရစနစ်တွင် ၎င်းတို့၏အမှတ်အသားများ ကျန်ရှိခဲ့၍ မလေးဓလေ့ ထုံးတမ်းဥပဒေများ ထွန်းကားလာခဲ့သည်။

၅။ မလေးရှားကျွန်းဆွယ်တွင် မလက္ကာအစ္စလာမ်မစ် ဘုရင့်နိုင်ငံပေါ်ထွက်လာခြင်းကြောင့် ၁၄ ရာစုနှစ်တွင် အစ္စလာမ်ဘာသာကို တည်ထောင်ခဲ့ပြီး ယခင်တည်ရှိခဲ့သည့် ဘာသာရေး များကို ဆုတ်ယုတ်စေခဲ့သည်။ မလေးရှားနိုင်ငံ၏ ဥပဒေနှင့်လူ့အဖွဲ့အစည်းတွင် တရုတ် ယဉ်ကျေးမှုနှင့်တကွ အစ္စလာမ်မစ်နှင့် ပါရှန်ယဉ်ကျေးမှုများ သက်ရောက်ခဲ့သည်။ (၁၆) ရာစုနှင့် (၁၇) ရာစုများ၌ ပေါ်တူဂီလူမျိုးများနှင့် ဒတ်ချ်လူမျိုးများသည် မလက္ကာရေလက်ကြားကို သိမ်းပိုက်ခဲ့သော်လည်း ၁၈၂၄ ခုနှစ်တွင် ဒတ်ချ်လူမျိုးများသည် ၎င်းတို့၏ နယ်မြေများကို ဗြိတိသျှထံသို့ ပေးအပ်ခဲ့ရသည်။ ထိုအချိန်တွင် ပီနန်ကျွန်းနှင့် မလက္ကာတို့အကြား ဖြစ်ပွား သည့် ရေလက်ကြားအငြင်းပွားမှု ဖြေရှင်းခြင်းမှအစပြု၍ အင်္ဂလိပ်ဥပဒေကို စတင်အသုံးပြုခဲ့ ပါသည်။

၆။ ၁၈၇၄ ခုနှစ်တွင် မလေးရှားပြည်နယ်များ၏ ဘုရင်များသည် ဗြိတိသျှ၏ ကာကွယ် စောင့်ရှောက်ခြင်းနှင့် တရားရုံးအကြံပေးများကို လက်ခံခဲ့ပြီး ၁၈၈၈ ခုနှစ်တွင် Sabah၊ Sarawak နှင့် မြောက်ဘိုနီယိုကျွန်းရှိ ဘရူနိုင်းနိုင်ငံတို့သည် ဗြိတိသျှတို့၏ သိမ်းပိုက်ခံနယ်မြေ များဖြစ်လာခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သောသဘောတူစာချုပ်ဖြင့် မလေးရှားပြည်နယ် (၄) ခုသည် စည်းလုံးညီညွတ်မှုအားနည်းသော ပြည်ထောင်စုနိုင်ငံကို ဖွဲ့စည်းခဲ့ပါသည်။

၇။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဂျပန်လူမျိုးများကို တိုက်ထုတ်ပြီးနောက် ပီရက်၊ ဆလန်ဂါ၊ နက်ဂါရီဆမ်ဘီလန်၊ ပါဟမ်းစသည့် ဖက်ဒရယ် (၄) ခု နှင့် ကီဒက်၊ ပါလစ်၊ ထရန်ဂနူ၊ ကယ်လတန်နှင့် ဂျိုဟာဟူသော unfederal ပြည်နယ် (၅) ခုတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိဘဲ ၁၉၄၆ ခုနှစ်တွင် မလက္ကာ၊ ပီနန်တို့နှင့် ဆက်သွယ်ပူးပေါင်းခဲ့ပါသည်။ မလေးပြည်နယ် များ၏ အုပ်ချုပ်သူများနှင့် ဗြိတိသျှတို့အကြားရှိ ၁၉၄၈ ခုနှစ်၊ သဘောတူညီချက်အရ မလေး ဖက်ဒရယ်ပြည်ထောင်စုကို တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထို့နောက်၁၉၆၃ ခုနှစ် မလေးရှားသဘောတူညီချက်အရ ဖက်ဒရေးရှင်းတွင် မလေးရှား၊ ဆာရာဝပ်၊ မြောက်ဘိုနီရို (ဆာဘာ) နှင့် စင်္ကာပူတို့ ဖွဲ့စည်းပါဝင်ခဲ့ပါသည်။ သို့ရာတွင် ၁၉၆၅ ခုနှစ်၌ မလေးဖက်ဒရေးရှင်း မှ စင်္ကာပူ ခွဲထွက်ခဲ့သည့်အတွက် ယခုအခါ ပြည်နယ် ၁၃ ခုနှင့် ပြည်ထောင်စု နယ်မြေ ၃ ခုရှိ သော မလေးရှားပြည်ထောင်စုဟု ဖြစ်ပေါ်လာကြောင်းတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်း

၈။ ၁၉၅၀ ခုနှစ်အတွင်း အစောပိုင်း၌ မလေးရှားနိုင်ငံ လွတ်လပ်ရေးအတွက် ညှိနှိုင်းမှုများ အစပြုလာချိန်တွင် ဗြိတိသျှကိုလိုနီအစိုးရက မလေးရှားရွေးကောက်ခံကိုယ်စားလှယ်များသို့ အာဏာလွှဲပြောင်းရာ၌ ချောမွေ့သေချာစေရေး တင်ကြိုဆောင်ရွက်ချက်များကို ချမှတ်ခဲ့ပါ

သည်။ အဆိုပါအချက်များအနက် တစ်ခုမှာ မလေးရှားနိုင်ငံက လက်ခံကျင့်သုံးနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းခြင်းပင်ဖြစ်ပါသည်။

၉။ ဖက်ဒရယ်စနစ်သည် မလေးရှားနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသေးသော်လည်း ၁၈၉၅ ခုနှစ်၌ လက်မှတ်ရေးထိုးခဲ့သောစာချုပ်ဖြင့် ပြည်နယ် ၄ ခု ပါဝင်သော မလေးရှားဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းခဲ့ပြီး လွတ်လပ်စွာ ဖွဲ့စည်းထားသော ဖက်ဒရယ်ပုံစံအတွက် အခြေခံဖြစ်ခဲ့ပါသည်။ မလေးရှားဖက်ဒရယ်ဗဟိုအစိုးရက ဗဟိုအုပ်ချုပ်ရေးအာဏာကို ကျင့်သုံးခဲ့ပြီး ရလဒ်အနေဖြင့် ပြည်နယ်များတွင် အနည်းအကျဉ်းမျှသာ လုပ်ပိုင်ခွင့်ရှိခဲ့ပါသည်။ ၁၉၀၉ ခုနှစ်၌ ဖက်ဒရယ်ကောင်စီဟုခေါ်သော ဥပဒေပြုအဖွဲ့ကို တည်ထောင်ခဲ့ပြီး အင်္ဂလိပ်ဥပဒေနှင့် တရားရုံးများကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်၊ မလေးရှားဖက်ဒရယ်သဘောတူညီချက်နှင့် မလေးရှားဖက်ဒရေးရှင်း ဖွဲ့စည်းတည်ထောင်ပုံတို့က ၁၉၅၇ ခုနှစ် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်စေရန် လှုံ့ဆော်ပေးခဲ့သည်။ မလေးပြည်နယ်အုပ်ချုပ်သူများနှင့်ဗြိတိသျှတို့ ချုပ်ဆိုခဲ့သော ၁၉၄၈ ခုနှစ် သဘောတူညီချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်များပါဝင်ခဲ့ပြီး မလေးရှားနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၅၇ ခုနှစ်အထိ ပြင်ဆင်ချက်များဖြင့် ဆက်လက်ကျင့်သုံးခဲ့သော သဘောတူညီချက်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါသည်။မလေးရှားသည် ကိုလိုနီအုပ်ချုပ်ရေး လက်အောက်ကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအစဉ်များနှင့် အစိုးရမူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ကြပြီးဖြစ်ပါသည်။ ယင်းတို့မှာ အစ္စလာမ် ဘာသာရေးကိစ္စများနှင့် ဓလေ့ထုံးတမ်းတို့တွင် ပြည်နယ်အုပ်ချုပ်သူများ၏ လုပ်ပိုင်ခွင့်ကို အဓိကကန့်သတ်ထားသော စည်းမျဉ်းခံဘုရင်စနစ်၊ ဗြိတိသျှပါလီမန်ပုံစံထင်ဟပ်သော ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်များရှိ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဆိုင်ရာ ဦးစားပေးမူဝါဒများမှ ပေါ်ထွက်လာသော မလေးရှားလူမျိုးတို့၏ အထူးသီးသန့်အနေအထားကို အသိအမှတ်ပြုခြင်းတို့အပြင် ဗဟိုအစိုးရအား ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို အများဆုံးအပ်နှင်းထားသော ဖက်ဒရယ်စနစ်အုပ်ချုပ်ရေးပုံစံ တို့ဖြစ်ကြပါသည်။

၁၀။ ၁၉၅၆ ခုနှစ်တွင် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ လန်ဒန်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံတစ်ရပ် ကျင်းပခဲ့ပြီး ဗြိတိသျှတို့က လွတ်လပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ကြပါသည်။ ထိုညီလာခံတွင် လွတ်လပ်သော မလေးပြည်ထောင်စုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရန် ကော်မရှင်တစ်ရပ် ခန့်အပ်ဆောင်ရွက်နိုင်ရေးကို အဆိုပြုခဲ့ပြီး ထိုအဆိုပြုချက်ကို အဲလစ်ဇဘက်ဘုရင်မကြီးနှင့် မလေးအုပ်ချုပ်သူများက လက်ခံခဲ့ကြပါသည်။ ထို့ကြောင့် Lord William Reid ဦးဆောင်သော ဓနသဟာယအဖွဲ့ဝင်နိုင်ငံများမှ ထင်ရှားကျော်ကြားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူ ၅ ဦးပါဝင်သော ကော်မရှင်ကို ခန့်အပ်ဆောင်ရွက်စေခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်(The Reid Commission ) သည် ကမ္ဘာ့အရှည်ဆုံးအိန္ဒိယဖွဲ့စည်းပုံ

အခြေခံဥပဒေကို ရေးဆွဲခဲ့သူများလည်းဖြစ်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တွင် ပြည်တွင်းမှခေါင်းဆောင်များလည်း ပါဝင်ခဲ့ကြပြီး အထူးသဖြင့် မလေး အမျိုးသားပါတီ (UMMO) နှင့် တရုတ်လူမျိုးများပါတီ (MCA) တို့မှ ဖြစ်ကြပါသည်။

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် ကနဦးအစ၌ ဗြိတိသျှအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများကို လမ်းညွှန်မှုပြုရန် တိကျသောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပါသည်။ ထိုသို့ သတ်မှတ်ခဲ့ရာတွင် (၁) လွှတ်တော် (၂) ရပ် ပါဝင်သည့် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးရေး၊ (၂) ပြည်နယ်များအတွက် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ဆိုင်ရာသတ်မှတ်ချက်များ အပါအဝင် အားကောင်းသော ဗဟိုအစိုးရတစ်ရပ် ဖွဲ့စည်း ရေး၊ (၃) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာသတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ အချို့ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုနှင့်ပြည်နယ် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ (၄) မလေးရှားလူမျိုးတို့၏ ထူးခြားသောအခြေအနေနှင့် အခြားလူမျိုးစုတို့၏ တရားဝင်အကျိုးစီးပွားများကို ကာကွယ် စောင့်ရှောက်ခြင်းတို့ ပါဝင်ခဲ့ပါသည်။ ထို့ပြင်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အရေးပေါ်လုပ်ပိုင်ခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အနှစ်သာရအားဖြင့် လူ့အခွင့်အရေးကို ထိန်းချုပ်ကန့်သတ်ချက်များအား ခွင့်ပြုထားသည့်လုပ်ရပ်များကို ဆန့်ကျင် သည့် လုပ်ပိုင်ခွင့်များဆိုင်ရာပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။ ပြည်နယ်များအတွက် ကန့် သတ်ထားသော လုပ်ပိုင်ခွင့်များအပါအဝင် အားကောင်းသော ဗဟိုအစိုးရအုပ်ချုပ်ရေးပုံစံကို ၁၉၅၇ ခုနှစ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ပုံစံချခဲ့ပါသည်။ ဤသို့ဖြင့် ယခုလက်ရှိ ကျင့်သုံးနေသောမလေးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာကာ ၎င်းကို ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၌ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုနေ့ကို မလေးရှားနိုင်ငံ၏ လွတ်လပ် ရေးနေ့ (Merdeka Day) အဖြစ်သတ်မှတ်ခဲ့ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်သည့် ခုနှစ်များ

၁၂။ မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၀၉ ခုနှစ်အထိ ၃၅ ကြိမ် ပြင်ဆင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မလေးရှားဖွဲ့စည်းပုံအခြေခံဥပဒေသည် မလေးရှားပြည်ထောင်စု၏ အမြင့်မားဆုံးဥပဒေ (Constitutional Supremacy) ဖြစ်ပြီး လွတ်လပ်ရေးရရှိပြီးနောက် ပြဋ္ဌာန်းခဲ့သောမည်သည့် ဥပဒေမဆို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်ပါသည်။[၁]

## နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

၁၃။ မလေးရှားပြည်ထောင်စုတွင် လွတ်လပ်ရေးရရှိချိန်က ပြည်နယ် ၁၁ ခုသာရှိခဲ့ပြီး ၁၉၆၃ ခုနှစ် မလေးရှားသဘောတူညီချက်အရ ပြည်နယ် ၁၄ ခုရှိလာခဲ့ပါသည်။ သို့ရာတွင် ၁၉၆၅ ခုနှစ်၌ စင်္ကာပူခွဲထွက်ခဲ့သည့်အတွက် ယခုအခါ ပြည်နယ် (၁၃) ခုနှင့် ပြည်ထောင်စုနယ်မြေ (၃)

[၁] Article 4(1)of the federal Constitution of Malaysia

ခုတို့ဖြင့် မလေးရှားနိုင်ငံအား ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ပြည်နယ် ၁၃ ခုမှာ Johore, Kedah, Kelantan, Malacca, Negeri Sembilan, Pahang, penang, perak, perlis, Sabah, sarawak, Selangor and Terengganu တို့ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ ၃ ခုမှာ Kuala Lumpur, Labuan, Putrajaya တို့ဖြစ်ကြပါသည်။[၂] မလေးရှားနိုင်ငံသည် ဘုရင်နှင့်အုပ်ချုပ်သူများညီလာခံ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ လွှတ်တော် (၂) ရပ် နှင့် တရားစီရင်ရေးအဖွဲ့များ ပါဝင်သည့် ပါလီမန်ဆိုင်ရာ စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးပါသည်။ မလေးရှားပြည်ထောင်စုနယ်နိမိတ်အတွင်း အခြားပြည်နယ်များကို ဝင်ရောက်ခွင့်ပြုခြင်းနှင့် ပြည်နယ်တစ်ခုခု၏ နယ်နိမိတ်ပြောင်းလဲခြင်းတို့အား ပါလီမန်က ဥပဒေပြဋ္ဌာန်း ဆောင်ရွက်နိုင်သော်လည်း သက်ဆိုင်ရာပြည်နယ်နှင့် အုပ်ချုပ်သူများညီလာခံတို့၏ သဘောတူညီချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း မပြုနိုင်ပါ။[၃]

## ပြည်ထောင်စု၏ ကိုးကွယ်ရာဘာသာ

၁၄။ မလေးရှားပြည်ထောင်စု၏ ကိုးကွယ်ရာဘာသာသာမှာ အစ္စလာမ်ဘာသာ ဖြစ်သည်။ သို့ရာတွင် နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် အပြန်အလှန် သဟဇာတဖြစ်ရေးအတွက် ပြည်ထောင်စု၏ မည်သည့်ဒေသတွင်မဆို အခြားဘာသာများကိုလည်း ကိုးကွယ်ခွင့်ရှိပါသည်။ မလက္ကာ၊ ပီနန်၊ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ် ၄ ခုတွင် ယင်းပြည်နယ်ရှိ အစ္စလာမ်ဘာသာရေး အကြီးအကဲနေရာအား ဘုရင်ထံအပ်နှင်းရန်အတွက် ယင်းပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးရမည်ဖြစ်ပါသည်။ ဤအပိုဒ်ပါ အကြောင်းအရာများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ယုတ်လျော့စေခြင်းမရှိစေရ။ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဘုရင်သည် ပြည်ထောင်စုနယ်မြေဖြစ်သော ကွာလာလမ်ပူ၊ လက်ဘူရန်နှင့် ပူထရာဂျာရာတို့တွင် အစ္စလာမ်ဘာသာရေး အကြီးအကဲဖြစ်သည်။ ဤကိစ္စအလို့ငှာ အစ္စလာမ်ဘာသာရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေခြင်းနှင့် အစ္စလာမ်ဘာသာနှင့် စပ်လျဉ်းသည့်ကိစ္စများ၌ ဘုရင်အားအကြံဉာဏ်ပေးရန် ကောင်စီတစ်ရပ်ဖွဲ့စည်းခြင်းတို့အတွက် ပါလီမန်က ဥပဒေနှင့်အညီပြဋ္ဌာန်းချက်များ ပြုလုပ်နိုင်ပါသည်။ [၄]

## အခြေခံလွတ်လပ်ခွင့်များ

၁၅။ နိုင်ငံသားများ၏ အခွင့်အရေးများအပါအဝင် အခြေခံလွတ်လပ်ခွင့်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၂၊ အပိုဒ် ၅ မှ အပိုဒ် ၁၃ အထိ (Fundamental Liberties ) ဟူ၍ ပြဋ္ဌာန်းထားသည်။ ဥပဒေနှင့်အညီ အသက်ရှင်သန်ခွင့်၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်များကို အကာအကွယ်ပေးခြင်း၊ ကျွန်ပြုခံရသူများအပေါ် အကာအကွယ်ပေးခြင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေတွင်

---

[၂] Article 1(2),(4) of the federal constitution of Malaysia

[၃] Article 2, ibid

[၄] Article 3(1),(3),(4),(5) , ibid

နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်းအား တားမြစ်ထားသည်။ သို့သော် ပြစ်မှုထင်ရှား စီရင်ခြင်းကိုဖြစ်စေ၊ တရားသေလွှတ်ခြင်းကိုဖြစ်စေ အဆင့်မြင့်တရားရုံးက အဆိုပါအမှုကို ချေဖျက်ခြင်းနှင့် အမှုအား ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ပြစ်မှု တစ်ရပ်ဖြင့် စွပ်စွဲခံရခြင်းမှ တရားသေလွှတ်လိုက်သူ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ အား အဆိုပါပြစ်မှုအကြောင်းအရာ (Same cause of action of the case) ဖြင့် ထပ်မံစစ်ဆေး စီရင်ခြင်း မပြုရကြောင်း ပြဋ္ဌာန်းထားပါသည်။ ဥပဒေအရ ပြည်သူအားလုံး သာတူညီမျှရှိစေ ရေး၊ တရားမျှတသော အကာအကွယ်ပေးခြင်းစသည့် လူတစ်ဦးချင်း၏ အခွင့်အရေးများကို လည်း အာမခံချက်ပေးထားကြောင်း တွေ့ရှိရပါသည်။

၁၆။ ထို့ပြင် လူပုဂ္ဂိုလ်နှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များ၊ မူလမလေးလူမျိုးများ၏ အကျိုး စီးပွားကို ကာကွယ်ပေးခြင်းနှင့် သင့်တော်သောရာထူးနေရာရရှိခြင်းတို့အား တားမြစ်ပိတ်ပင် စေသည့် ဥပဒေပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းခြင်းမပြုရပါ။ ပြည်နှင်ဒဏ်ပေးခြင်းကို တားမြစ် ထားပြီး လွတ်လပ်စွာရွှေ့ပြောင်းခွင့်၊ ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့နှင့် စပ်လျဉ်း၍ အာမခံချက်ပေးထားသည်ကို တွေ့ရှိရပါသည်။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်တို့အား နိုင်ငံသားများသာဟူ၍ ခွဲခြားမှုမရှိဘဲ လူပုဂ္ဂိုလ်အားလုံးထံသို့ ပေးအပ် ထားပါသည်။ လူပုဂ္ဂိုလ်များသည် ဥပဒေ၏ရှေ့မှောက်တွင် အားလုံးတန်းတူညီမျှဖြစ်ပြီး ဥပဒေ ၏ အကာအကွယ်ကို အညီအမျှ ရပိုင်ခွင့်ရှိကြပါသည်။

၁၇။ အထက်ပါပြဋ္ဌာန်းချက်များအပြင် အပိုဒ် ၁၅၃ တွင် "ပြည်သူ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခွင့် အခွင့်အလမ်းများ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ကိုင်ခွင့်များကို ဘူမိပူထရာမလေး လူမျိုးများနှင့် အခြားတိုင်းရင်းသား လူမျိုးများအတွက် သီးသန့်ထားရှိရမည်" ဟု ပြဋ္ဌာန်းထား ပါသည်။

**နိုင်ငံသားဖြစ်မှု**

၁၈။ နိုင်ငံသားဖြစ်မှုနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄ မှ ၃၁ အထိ ပြဋ္ဌာန်းထားပြီး အသေးစိတ်ပြဋ္ဌာန်းချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ဇယား ၂ တွင် အပိုင်း ၃ ပိုင်းဖြင့် ဖော်ပြထားပါသည်။ နိုင်ငံသားဖြစ်မှုတွင် အရေးပါဆုံးသောအခြေခံမူ နှစ်ရပ်အနက် **နိုင်ငံ၏နယ်နမိတ်အတွင်း မွေးဖွားခြင်းဖြင့် နိုင်ငံသားရရှိသောမူ (Jus Soli)** ကို လွတ်လပ်ရေးရရှိသည့်နေ့ သို့မဟုတ် ထိုနေ့နောက်ပိုင်းနှင့် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလမတိုင်မီ အထိ ကျင့်သုံးခဲ့ပြီး **နိုင်ငံသားဖြစ်သောမိဘများမှ ဆင်းသက်၍ နိုင်ငံသားရရှိသောမူ (Jus Sanguinis)** ကို ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်းမှစ၍ ကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၉။ လွတ်လပ်ရေးမရမီ မွေးဖွားသူများနှင့်ပတ်သက်၍ ဇယား ၂၊ အပိုင်း (၁) တွင် လည်း ကောင်း၊ လွတ်လပ်ရေးရရှိသည့်နေ့ သို့မဟုတ် ထိုနေ့နောက်ပိုင်းမွေးဖွားသူများနှင့်ပတ်သက်၍

ဇယား ၂၊ အပိုင်း (၂) တွင်လည်းကောင်း၊ နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များကို ဇယား ၂၊ အပိုင်း (၃) တွင်လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏ လုပ်ငန်းတာဝန်များသာမက နိုင်ငံသား အဖြစ်ရယူရာတွင် ကျူးလွန်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်များကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။[၅]

## ပြည်ထောင်စု (ပြည်ထောင်စု၏ အကြီးအကဲဘုရင် နှင့် ကြင်ယာတော်)

၂၀။ မလေးရှားပြည်ထောင်စု၏ အကြီးအကဲသည် Yang di – Pertuan Agong (ခ) မလေးရှား ဘုရင်ဖြစ်ပါသည်။ ဘုရင်သည် ပြည်ထောင်စုရှိ လက်နက်ကိုင်တပ်ဖွဲ့များ၏ အမြင့်ဆုံး အုပ်ချုပ်သူလည်း ဖြစ်ပါသည်။[၆] ဘုရင်အား ဖက်ဒရယ်တရားရုံးတရားသူကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်များ၊ အုပ်ချုပ်သူများညီလာခံကခန့်အပ်သော ဖက်ဒရယ်တရားရုံး သို့မဟုတ် တရားလွှတ်တော်မှ တရားသူကြီး ၂ ဦး ပါဝင်သော အထူးတရားရုံးတွင်မှတစ်ပါး မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုခြင်းမပြုရပါ။[၇] အထူးတရားရုံး၏ ဆုံးဖြတ်ချက်ကို များရာဆန္ဒမဲဖြင့်ချမှတ်ပြီး မည်သည့်အကြောင်းပြချက်နှင့်မျှ မည်သည့်တရားရုံးတွင်မှ ထပ်မံစစ်ဆေးဆောင်ရွက်ခွင့်မရှိဘဲ အပြီးသတ်အတည်ဖြစ်ပါသည်။[၈] ဘုရင်အား ရှေ့နေချုပ်၏ သဘောတူညီချက်မရရှိဘဲ တရားစွဲဆိုခွင့်မရှိပါ။[၉] ဘုရင်သည် ပြည်ထောင်စုရှိ ပြည်သူအားလုံး၏ အထွတ်အထိပ်နေရာရရှိပြီး ၎င်း၏ကြင်ယာတော်မှာ ဘုရင်ပြီးနောက် ဒုတိယအထွတ်အထိပ်နေရာကို ရရှိသည်။[၁၀] ဘုရင်ကို အုပ်ချုပ်သူများညီလာခံက ၅ နှစ် သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ပြီး ဘုရင်အဖြစ်မှနုတ်ထွက်ကြောင်း ၎င်းကိုယ်တိုင် ရေးသားထားသောစာဖြင့် အုပ်ချုပ်သူများညီလာခံသို့ ပေးပို့သည့်အခါတွင် ဖြစ်စေ၊ အုပ်ချုပ်သူများ ညီလာခံက ဘုရင်အားရာထူးမှ ဖယ်ရှားသည့်အခါတွင်ဖြစ်စေ၊ ဘုရင်က အုပ်ချုပ်သူများညီလာခံ၌ အုပ်ချုပ်သူအဖြစ်ပြန်လည်ဆောင်ရွက်သည့်အခါ၌ဖြစ်စေ ရာထူးမှရပ်စဲရမည်ဖြစ်ပါသည်။[၁၁]

## ဘုရင်အဖြစ် ရွေးကောက်တင်မြှောက်ရန် သတ်မှတ်ထားသည့် အရည်အချင်းများ

၂၁။ ဘုရင်အဖြစ် ရွေးကောက်တင်မြှောက်ရန် သတ်မှတ်ထားသည့် အရည်အချင်းများမှာ -

(က) အရွယ်မရောက်သေးသူ သို့မဟုတ်

---

[၅] Second Schedule, Part (3), Section 6 and 16

[၆] Article 41 of the federal constitution of Malaysia

[၇] Article 32 (1), ibid

[၈] Article 182 (6), ibid

[၉] Article 183, ibid

[၁၀] Article 32 (1), (2) , ibid

[၁၁] Article 32 (3), ibid

(ခ) ဘုရင်အဖြစ် ရွေးကောက်ခံရန်ဆန္ဒမရှိကြောင်း အုပ်ချုပ်သူများ၏ တံဆိပ်တုံးအား ထိန်းသိမ်းထားသူထံ အကြောင်းကြားပြီးသူ သို့မဟုတ်

(ဂ) စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် ဘုရင်၏တာဝန်ဝတ္တရားများအား ထမ်းဆောင်ရန်မသင့်ဟူသော အကြောင်းကြောင့်ဖြစ်စေ၊ အုပ်ချုပ်သူများညီလာခံက လျှို့ဝှက်ဆန္ဒမဲဖြင့် ဆုံးဖြတ်ထားသူမဟုတ်လျှင် အုပ်ချုပ်သူတစ်ဦးသည် ဘုရင်အဖြစ်ရွေးကောက်တင်မြှောက်ခံရန် အရည်အချင်းရှိသည်။ ဤညီလာခံ၏ ဆုံးဖြတ်ချက်တစ်ရပ်အား အနည်းဆုံး ဆန္ဒမဲ ၅ မဲ မရရှိခဲ့လျှင် အတည်မဖြစ်ပါ။[၁၂]

၂၂။ အုပ်ချုပ်သူများညီလာခံသည် ရွေးကောက်တင်မြှောက်ခံရသော စာရင်းတွင် ပါရှိသည့်ပထမဆုံးပုဂ္ဂိုလ်အား ဘုရင်ရာထူးကို အပ်နှင်းရမည်။ အကယ်၍ ၎င်းက ငြင်းဆန်လျှင် စာရင်းပါဒုတိယမြောက်ပုဂ္ဂိုလ်အား အပ်နှင်းပြီး ဘုရင်ရာထူးကို လက်ခံသည်အထိ ဤသို့ အစဉ်အတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။[၁၃] ရွေးကောက်ခံရသူက ဘုရင်ရာထူးကို လက်ခံပြီးလျှင် ထိုသို့လက်ခံကြောင်း အုပ်ချုပ်သူများညီလာခံက ကြေညာရမည်ဖြစ်ပြီး ရွေးကောက်ပွဲ ရလဒ်အပေါ်၌ တံဆိပ်တုံးထိန်းသိမ်းသူ ညီလာခံအတွင်းရေးမှူးက တံဆိပ်နှိပ်၍ ပါလီမန်၏လွှတ်တော်နှစ်ရပ်လုံးသို့ အကြောင်းကြားရမည်။[၁၄] ဘုရင်အဖြစ် ရွေးကောက်မည့်စာရင်းသည် ဦးစားပေးအစဉ်အတိုင်း တရားဝင်အသိအမှတ်ပြုထားသော တော်ဝင်မျိုးနွယ်များကိုဖော်ပြထားသည့် ပြည်နယ်အုပ်ချုပ်သူများ အားလုံးပါဝင်သော စာရင်းဖြစ်ရမည်။[၁၅] ဘုရင်အား ရာထူးမှဖယ်ရှားခြင်းကိုလည်း အုပ်ချုပ်သူများညီလာခံရှိ အဖွဲ့ဝင်များ၏ အနည်းဆုံး ဆန္ဒမဲ ၅ မဲ ရရှိမှသာ ဆောင်ရွက်နိုင်ပါသည်။[၁၆]

**အုပ်ချုပ်သူများညီလာခံ**

၂၃။ အုပ်ချုပ်သူများညီလာခံအား ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ နှင့်အညီ ဖွဲ့စည်းထားပါသည်။[၁၇] ပြည်နယ် ၉ ခုမှ Ruler ခေါ် အုပ်ချုပ်သူများနှင့် မလက္ကာ၊ ပီနန်၊ ဆာဘာ၊ ဆာရာဝပ်ပြည်နယ် ၄ ခုမှ Yang di- Pertua Negeri ခေါ် ပြည်နယ်ဘုရင်ခံများပါဝင်ပါသည်။ သို့ရာတွင်အဆိုပါပြည်နယ် ၄ ခု၌ အုပ်ချုပ်သူများ မရှိဘဲ Negeri ခေါ် ဘုရင်ခံများသာရှိ၍ ဘုရင်ရွေးကောက်သည့်ကိစ္စ၊ ရာထူးမှဖယ်ရှားသည့်ကိစ္စများကို ဆောင်ရွက်ရာ၌ အုပ်ချုပ်သူများညီလာခံတွင် ပါဝင်ဆောင် ရွက်ခွင့်မရှိကြောင်း ဇယား ၅၊ ပုဒ်မ ၇ ၌ တွေ့ရှိရပါသည်။ ပြည်နယ်

[၁၂] Third Schedule, Part (1), Section 1

[၁၃] Third Schedule, Part (1), Section 2

[၁၄] Third Schedule, Part (1), Section 3

[၁၅] Third Schedule, Part (1), Section 4(1)(a)

[၁၆] Third Schedule, Part (3), Section 8

[၁၇] Article 38(1) of the federal constitution of Malaysia

တစ်ခုခုမှ ပြည်ထောင်စု၏ဘုရင်အဖြစ် ရွေးချယ်ခံရပါက ဘုရင်သည် ၎င်းနှင့်သက်ဆိုင်သည့် ပြည်နယ်၏ အစ္စလာမ်ဘာသာရေးအကြီးအကဲအဖြစ် ဆောင်ရွက်ခြင်းမှတစ်ပါး ထိုပြည်နယ်၏ အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်းမပြုရပါ။[၁၈] အုပ်ချုပ်သူများ ညီလာခံအစည်းအဝေး အထမြောက်ရန် အဖွဲ့ဝင်အများစု တက်ရောက်ရမည်ဖြစ်ပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ညီလာခံသည် ၎င်းတို့ကိုယ်တိုင်ကျင့်သုံးရန်အတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်သည်။[၁၉] ဘုရင်ကဖြစ်စေ၊ ၃ ဦးထက်မနည်းသော အဖွဲ့ဝင်များကဖြစ်စေ အစည်းအဝေးပြုလုပ်ရန် လိုအပ်သည့်အခါ အုပ်ချုပ်သူများညီလာခံ၏ တံဆိပ်တုံးကို ထိန်းသိမ်းရသူ ညီလာခံအတွင်းရေးမှူးက အစည်းအဝေးကျင်းပရန် ဆောင်ရွက်ရသည်။ ဘုရင်၏သက်တမ်းကုန်ဆုံးမည့်နေ့မတိုင်မီ ၁ လ ထက်နောက်မကျစေဘဲ ထပ်မံရွေးချယ် ခန့်အပ်ရမည်ဖြစ်ပြီး အကြောင်းကြောင်းကြောင့် ဘုရင်နေရာနှင့် ဒုတိယဘုရင်နေရာ လစ်လပ်ပါကလည်း ထိုသို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။[၂၀]

၂၄။ အုပ်ချုပ်သူများညီလာခံ၏ လုပ်ငန်းတာဝန်များမှာ-

- ဘုရင်နှင့်ဒုတိယဘုရင်တို့အား ရွေးချယ်ခြင်း၊
- အစ္စလာမ်ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အခမ်းအနားကျင်းပသည့် ကိစ္စများတွင် သဘောထားပေးရခြင်း၊
- ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ညီလာခံ၏ သဘောထားရယူရန် လိုအပ်သည့် ရာထူးခန့်အပ်မှုတစ်ခုခုအတွက် အကြံဉာဏ်ပေးခြင်း သို့မဟုတ် ညီလာခံ၏ အကြံဉာဏ်ကိုရယူပြဋ္ဌာန်းရမည့် ဥပဒေတစ်ရပ်ရပ်အတွက် သဘောထားပေးခြင်း၊
- အထူးတရားရုံးများ၏ အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊
- ဘုရင်နှင့်ကြင်ယာတော်၊ ပြည်နယ်အုပ်ချုပ်သူ၊ ယင်းတို့၏ သားသမီးများနှင့် ပတ်သက်သည့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်လျှော့ချခြင်း (ဤအချက်နှင့်ပတ်သက်၍ အပိုဒ် ၄၂ (၁၂)(၂) ပါအတိုင်း ရှေ့နေချုပ်၏ စာဖြင့်ရေးသား အကြံပြုချက်ကို ထည့်သွင်းစဉ်းစားရမည်) တို့အပြင် အမျိုးသားရေးမူဝါဒ ( ဥပမာ- လူဝင်မှုကြီးကြပ်ရေး) နှင့် အခြားအကြောင်းကိစ္စတစ်ရပ်ရပ် (ဥပမာ - ပြည်နယ်တစ်ခုခု၏ နယ်နမိတ်ပြင်ဆင်သတ်မှတ်ခြင်း) တို့နှင့်သက်ဆိုင်သည့် ပြဿနာများအပေါ် သင့်သည် ထင်မြင်သည့်အတိုင်း စိစစ်ဆွေးနွေးနိုင်ခြင်းတို့ဖြစ်ပါသည်။ [၂၁]

---

[၁၈] Article 34 (1) of the federal constitution of Malaysia

[၁၉] Fifth Schedule, Section 5

[၂၀] Fifth Schedule, Section 6

[၂၁] Article 38 (2) ,ibid

၂၅။ အုပ်ချုပ်သူများညီလာခံ၏ သဘောတူညီချက်မရရှိဘဲ အုပ်ချုပ်သူများ၏ အခွင့်အရေး၊ အဆင့်အတန်း၊ ဂုဏ်သိက္ခာတို့နှင့်ပတ်သက်သည့် မည်သည့်ဥပဒေကိုမျှ ပြဋ္ဌာန်းခြင်းမပြုရပါ။[၂၂] နေရင်းဒေသခံဘူမိပုတ္တရာလူမျိုးများနှင့် မလေးလူမျိုးတိုင်းရင်းသားများအတွက် သီးသန့်အခွင့်အရေးများနှင့် သက်ဆိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်ကို ထိခိုက်စေမည့် အခြေခံမူတစ်ခုခုအား ပြောင်းလဲခြင်းမပြုမီ အုပ်ချုပ်သူများညီလာခံ၏ အကြံဉာဏ်ကိုရယူရမည်ဖြစ်ပါသည်။[၂၃]

## အုပ်ချုပ်ရေး

၂၆။ ဖက်ဒရေးရှင်း၏ အုပ်ချုပ်ရေးအာဏာကို ဘုရင်အား အပ်နှင်းထားပါသည်။ ဘုရင်သို့မဟုတ် ကက်ဘိနက် သို့မဟုတ် ကက်ဘိနက်က အာဏာလွှဲအပ်ထားသည့် ဝန်ကြီးတစ်ဦးဦးသည် ဖက်ဒရယ်ဥပဒေတစ်ခုခုနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ပါ ကိစ္စရပ်များ (နိုင်ငံသားဖြစ်မှုများ) အား ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ဤသို့ဆောင်ရွက်ရာ၌ ပါလီမန်သည် အခြားပုဂ္ဂိုလ်များအား ဥပဒေဖြင့်လွှဲအပ်ပြီး ဆောင်ရွက်ခွင့်ပြုနိုင်သည်။[၂၄] ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ဖက်ဒရယ်ဥပဒေအရဖြစ်စေ လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရာ၌ ဘုရင်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတစ်ပါး ကက်ဘိနက် သို့မဟုတ် ကက်ဘိနက်က တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦး၏ အကြံဉာဏ်အရ ဆောင်ရွက်ရမည် ဖြစ်ပါသည်။[၂၅] ဘုရင်သည် အောက်ပါကိစ္စရပ်များကို ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်-

၁။ ဝန်ကြီးချုပ်ခန့်အပ်ခြင်း၊

၂။ ပါလီမန် ဖျက်သိမ်းပေးရန်အတွက် တောင်းဆိုချက်တစ်ရပ်အား သဘောထားပေးရန် ငြင်းဆန်ခြင်း၊

၃။ ဘုရင်၏ လစာခံစားခွင့်နှင့်သက်ဆိုင်သော အထူးအခွင့်အရေးများ၊ ဂုဏ်ထူးနှင့် အဆင့်အတန်း၊ အုပ်ချုပ်သူများညီလာခံ၏ အစည်းအဝေး၌သာ ဆောင်ရွက်ရမည့်လုပ်ဆောင်ချက် တစ်ခုခုတို့အပြင် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော အခြားကိစ္စရပ်တစ်ခုခုနှင့် သက်ဆိုင်သော အစည်းအဝေးကို ကျင်းပရန် တောင်းဆိုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော အခြားကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။[၂၆]

---

[၂၂] Article 38 (4) of the federal Constitution of Malaysia

[၂၃] Article 38 (5) , ibid

[၂၄] Article 39, ibid

[၂၅] Article 40 (1) , ibid

[၂၆] Article 40 (2), ibid

၂၇။ ဘုရင်သည် ၎င်းကိုယ်တိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများမှတစ်ပါး ၎င်း၏ လုပ်ငန်းတာဝန်တစ်ခုခုကို ဆောင်ရွက်ရန် ကက်ဘိနက်အဖွဲ့မှမဟုတ်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး၏ သို့မဟုတ် အဖွဲ့အစည်း၏ အကြံဉာဏ်ကိုဖြစ်စေ၊ ထောက်ခံပေးချက်ကိုဖြစ်စေ ရယူဆောင်ရွက်ရန် လိုအပ်သည့်ပြဋ္ဌာန်းချက်ကို ဖက်ဒရယ်ဥပဒေက ပြဋ္ဌာန်းနိုင်သည်။[၂၇] ထို့ပြင် စစ်တရားရုံးမှ ချမှတ်သော ပြစ်မှုများနှင့် ပြည်ထောင်စုနယ်မြေ ၃ ခုတွင် ကျူးလွန်သော ပြစ်မှုများ အားလုံးနှင့်စပ်လျဉ်းသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်း၊ ပြစ်ဒဏ်ကို ယာယီရွှေ့ဆိုင်းခြင်းတို့အား ခွင့်ပြုပိုင်ခွင့်ရှိသည်။[၂၈]

၂၈။ ပြည်နယ်ဘုရင်ခံ (Yang di- Pertua Negeri )၊ ၎င်း၏ ဇနီး၊ သား၊ သမီးတို့နှင့်သက်ဆိုင်သည့် လွတ်ငြိမ်းချမ်းသာခွင့်ကို အဆိုပါပြည်နယ်အတွက်ဖွဲ့စည်းသည့် လွတ်ငြိမ်းချမ်းသာခွင့် ဘုတ်အဖွဲ့ ၏အကြံဉာဏ်အရ ဘုရင်(Yang di – Pertuan Agong )က ဆောင်ရွက်ရမည်။[၂၉] ဘုရင်၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာတွင် ၎င်းအားအကြံဉာဏ်ပေးနိုင်ရန် ဝန်ကြီးချုပ်အား ဘုရင်က ခန့် အပ်ရမည်။ ဝန်ကြီးချုပ်အား ခန့်အပ်ပြီးနောက် ဝန်ကြီးချုပ်၏အကြံပြုချက်ဖြင့် အခြားဝန်ကြီး များကို ခန့်အပ်ရမည်။ ကက်ဘိနက်သည် ပါလီမန်အား စုပေါင်းတာဝန်ခံရမည် ဖြစ်ပါသည်။ အောက်လွှတ်တော် ကိုယ်စားလှယ်အများစုက ဝန်ကြီးချုပ်အားမထောက်ခံတော့ဘဲ ဘုရင်က လည်း ဝန်ကြီးချုပ် တောင်းဆိုသကဲ့သို့ လွှတ်တော်အား ဖျက်သိမ်းခြင်းမပြုခဲ့လျှင် ဝန်ကြီးချုပ် သည် ကက်ဘိနက်အဖွဲ့နုတ်ထွက်ကြောင်း တင်ပြရမည်ဖြစ်ပါသည်။ ကက်ဘိနက်ဝန်ကြီး များ၏ လစာငွေအား ပါလီမန်က ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ပါသည်။[၃၀]

### ပြည်နယ်များ (ပြည်နယ်အုပ်ချုပ်သူအကြီးအကဲ)

၂၉။ ပြည်ထောင်စု၏ ဘုရင်နှင့် ကြင်ယာတော်တို့ကို ကျော်လွန်ခြင်းမရှိဘဲ ပြည်နယ်အုပ်ချုပ်သူများနှင့်ပြည်နယ်ဘုရင်ခံများသည် ပြည်နယ်များတွင် အထွတ်အထိပ်နေရာ ရရှိပါသည်။[၃၁] ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိုပြည်နယ်အုပ်ချုပ်သူ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးနှင့်ရပိုင်ခွင့်များကို ရရှိရန် ပြည်ထောင်စုက အာမခံရမည်။ ပြည်နယ်အုပ်ချုပ်သူအဖြစ် ဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ခုခုကိုလည်း ထိုပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သက်ဆိုင်ရာအာဏာပိုင်များနှင့် နည်းလမ်းများအရ အဆုံးအဖြတ်ပြုရမည် ဖြစ်ပါသည်။[၃၂] မည်သည့်ပြည်နယ်တွင်မဆို ဤဖွဲ့စည်းပုံ

---

[၂၇] Article 40 (3) (a) of the federal constitution of Malaysia

[၂၈] Article 42 (1) , ibid

[၂၉] Article 42 (12) (a), ibid

[၃၀] Article 43, ibid

[၃၁] Article 70 (1), ibid

[၃၂] Article 71 (1), ibid

အခြေခံဥပဒေ သို့မဟုတ် အဆိုပါပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလေးထားခြင်းမရှိလျှင် ထိုပြဋ္ဌာန်းချက်အား လေးစားလိုက်နာစေရန် သက်ဆိုင်ရာ ပြည်နယ်ပါလီမန်က ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။[၃၃]

၃၀။ ပြည်နယ်ဘုရင်ခံများကို ပြည်ထောင်စု၏ အကြီးအကဲဖြစ်သော ဘုရင်က ခန့်အပ်ပြီး ၄ နှစ် သက်တမ်းဖြစ်ပါသည်။ ပြည်ထောင်စု၌ ကက်ဘိနက်ရှိသကဲ့သို့ ပြည်နယ်များတွင် စီမံခန့်ခွဲရေးကောင်စီများရှိကြပါသည်။ စီမံခန့်ခွဲရေးကောင်စီများသည် ၄ ဦးထက်မနည်း ၁၀ ဦးထက်မပိုစေရပါ။ ၎င်းတို့အား ပြည်နယ်ဥပဒေပြုလွှတ်တော်အဖွဲ့ဝင်များထဲမှ ခန့်အပ်ခြင်းဖြစ်ပါသည်။ ပြည်နယ်ဥပဒေပြုလွှတ်တော်တွင် အုပ်ချုပ်သူနှင့်ဥပဒေပြုလွှတ်တော်တစ်ရပ်တို့ပါဝင်ပါသည်။ ပြည်နယ်ဥပဒေပြုလွှတ်တော်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပါသည်။

၃၁။ သာဓကအားဖြင့်ဆာဘာပြည်နယ်တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆ ( ၃ ) အရ ပြည်နယ်ဥပဒေပြုလွှတ်တော်အဖွဲ့ဝင်များထဲမှ တစ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ပြည်နယ်ဘုရင်ခံကခန့်အပ်ပြီး ထိုပြည်နယ်ဝန်ကြီးချုပ်၏အကြံပေးချက်အရ ပြည်နယ်ကက်ဘိနက်အဖွဲ့ဝင်များကိုလည်း ပြည်နယ်ဥပဒေပြုလွှတ်တော်အဖွဲ့ဝင်များထဲမှပင် ခန့်အပ်ပါသည်။ (စကားချပ်။ ။ ဆာဘာပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်အကြီးအကဲ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် အခြားကိစ္စရပ်များသာပါဝင်ပြီး တရားစီရင်ရေးကဏ္ဍ မပါရှိပါ။)[၃၄]

## ပြည်ထောင်စုနှင့် ပြည်နယ်ဆက်နွယ်မှု

၃၂။ ပြည်နယ်တိုင်းတွင် ဥပဒေပြုလွှတ်တော် (Legislative Assembly) တစ်ခုစီရှိပြီး ပြည်နယ်ဥပဒေတစ်ရပ်ရပ်သည် ပြည်ထောင်စုဥပဒေနှင့် ဆန့်ကျင်နေပါက ပြည်ထောင်စု၏ ဥပဒေကသာ လွှမ်းမိုးပြီး ဆန့်ကျင်နေသည့်ပြဋ္ဌာန်းချက်များသည် ပျက်ပြယ်မည်ဖြစ်ပါသည်။[၃၅] ကြွင်းကျန်အာဏာကို ပြည်နယ်များက ရရှိပါသည်။[၃၆]

၃၃။ ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါရှိသော အချို့ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနှင့် အခြားနိုင်ငံများချုပ်ဆိုသည့် သဘောတူစာချုပ်များကို သို့မဟုတ် ဖက်ဒရေးရှင်းက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုအကောင်အထည်ဖော်ရန်ဖြစ်လျှင် ပါလီမန်ကသာ ဥပဒေပြဋ္ဌာန်းနိုင်ပါသည်။[၃၇] ထို့ပြင်ပြည်နယ် ၂ ခု သို့မဟုတ် ၂

[၃၃] Article 71 (3) of the federal constitution of Malaysia

[၃၄] The Constitution of the State of Sabah

[၃၅] Article 75 of the federal constitution of Malaysia

[၃၆] Article 77, ibid

[၃၇] Article 76 (1), ibid

ခု ထက်ပိုသောပြည်နယ်များ၏ ဥပဒေများ ညီညွတ်မှုရှိစေရန်နှင့် ပြည်နယ်တစ်ခုခု၏ ဥပဒေပြု လွှတ်တော်က တောင်းဆိုသည့်အခါတွင်လည်း ပါလီမန်က ဥပဒေပြဋ္ဌာန်းနိုင်မည်ဖြစ်ပါသည်။[၃၈]

## ဥပဒေပြုရေး

၃၄။ ပြည်ထောင်စု၏ဥပဒေပြုပိုင်ခွင့်အာဏာကို ပါလီမန်သို့ အပ်နှင်းထားသည်။ ပါလီမန် တွင် ဘုရင်နှင့်လွှတ်တော် ၂ ရပ် ပါဝင်ပါသည်။[၃၉] အထက်လွှတ်တော်ကို ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် ၂ ဦးစီ၊ ပြည်ထောင်စုနယ်မြေဖြစ်သော ကွာလာလမ်ပူမှ ၂ ဦး၊ လက်ဘူရန်မှ ၁ ဦး၊ ပူထရာဂျာရာမှ ၁ ဦး၊ ဘုရင်က ခန့်အပ်သော ကိုယ်စားလှယ် ၄၀ ဦး၊ စုစုပေါင်း (၇၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။[၄၀] ၃ နှစ် သက်တမ်းဖြစ်ပြီး ၂ ကြိမ်ထက်ပို၍ ရွေးကောက်ခံပိုင်ခွင့် မရှိပါ။[၄၁] အောက်လွှတ်တော်အား ပြည်နယ်များမှ ၂၀၉ ဦး၊ ပြည်ထောင်စုနယ်မြေ ၃ ခုမှ ၁၃ ဦး၊ စုစုပေါင်း ၂၂၂ ဦးဖြင့် ဖွဲ့စည်းထားသည်။[၄၂] ဖျက်သိမ်းခြင်းမပြုပါက အောက်လွှတ်တော်သက်တမ်းမှာ ၅ နှစ်ဖြစ်ပါသည်။[၄၃]

၃၅။ ကိုယ်စားလှယ်များ၏ အရည်အချင်းများမှာ ပြည်ထောင်စုအတွင်း အမြဲတမ်းနေထိုင်သူ နိုင်ငံသား၊ အထက်လွှတ်တော်အတွက်ဖြစ်လျှင် အသက် ၃၀ ထက်မငယ်သူ၊ အောက် လွှတ်တော်အတွက်ဖြစ်လျှင် အသက် ၂၁ နှစ်ထက်မငယ်သူ ဖြစ်ရမည်ဖြစ်ပြီး စိတ်ပေါ့သွပ်သူ၊ လူမွဲအဖြစ်ခံယူထားသူ၊ ရွေးကောက်ခံရန်အတွက် ဥပဒေက သတ်မှတ်ထားသည့် ရွေးကောက်ပွဲ ကုန်ကျစရိတ်များအား တင်သွင်းရန်ပျက်ကွက်သူ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံထားရသူ၊ အခြား နိုင်ငံသားခံယူထားသူတို့ မဖြစ်စေရပါ။[၄၄] အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား အထက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ပါသည်။[၄၅] **အောက်လွှတ်တော် နာယက** အား အောက်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ **ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံ နိုင်သည့် အရည်အချင်းရှိသူတစ်ဦး**ကိုဖြစ်စေ ရွေးချယ်ပြီး ဒုတိယနာယက ၂ ဦးကိုမူ အောက် လွှတ်တော် ကိုယ်စားလှယ်များထဲကသာ ရွေးချယ်ပါသည်။ [၄၆]

---

[၃၈] Article 76 (1) (a)(b)(c) ), ibid

[၃၉] Article 44 of the federal constitution of Malaysia

[၄၀] Article 45 (1) , ibid

[၄၁] Article 45 (3)(3a), ibid

[၄၂] Article 46 (1), ibid

[၄၃] The official portal of Parliament of Malaysia https://www.parlimen.gov.my/yda-maklumat-umum.html?uweb=yg&lang=en

[၄၄] Article 47, 48 (1) of the federal constitution of Malaysia

[၄၅] Article 56 (1), ibid

[၄၆] Article 57 (1), ibid

၃၆။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကိုကျူးလွန်သည့် ကိုယ်စားလှယ်နှင့်သက်ဆိုင်သည့်အရည်အချင်းပျက်ယွင်းမှုများအတွက် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကိုကျူးလွန်လျှင်ဖြစ်စေ၊ တရားရုံးတစ်ခု၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပုဂ္ဂိုလ်အား ဘုရင်က ရာထူးမှဖယ်ရှားနိုင်သည်။[၄၇] လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းမှုနှင့် သက်ဆိုင်ပါက အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အောက်လွှတ်တော်နာယကနှင့် ဒုတိယနာယကတို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာလွှတ်တော်၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်ပါသည်။[၄၈] လွှတ်တော် ၂ ရပ်လုံးသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များအတွက် တစ်ညီတစ်ညွတ်ထဲ ဆန္ဒမဲမရရှိပါက များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ဘုရင်သည် ပါလီမန်ကို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းတို့ပြုနိုင်ပါသည်။ ပါလီမန်ကို ဖျက်သိမ်းပါက ထိုနေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း အထွေထွေရွေးကောက်ပွဲကျင်းပရမည်ဖြစ်ပါသည်။ ပါလီမန်သည် ၎င်း၏သက်တမ်းကာလ ရပ်နားပြီးဆုံးသွားခြင်းကို အကြောင်းပြု၍ ပါလီမန်၌ဆောင်ရွက်ဆဲဥပဒေကြမ်းတစ်ရပ်အား ချန်ထားခဲ့ခြင်းမပြုရပါ။[၄၉]

၃၇။ အခြားနည်းပြဋ္ဌာန်းထားသည်မှတစ်ပါး ပါလီမန်သည် ဥပဒေပြုအာဏာကို ကျင့်သုံးရာ၌ ဥပဒေကြမ်းများကို လွှတ်တော် ၂ ရပ်လုံး၏ ထောက်ခံချက်ဖြင့် ဘုရင်၏သဘောတူညီချက်ကို ရယူပြီး အတည်ပြုပြဋ္ဌာန်းရမည်။ အခွန်စည်းကြပ်ခြင်း၊ တိုးမြှင့်ခြင်း၊ ဖျက်သိမ်းခြင်း၊ လျှော့ချခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်းတို့နှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းများကို လွှတ်တော်နှစ်ရပ်အနက် မည်သည့်လွှတ်တော်တွင်မဆို အစပြုတင်သွင်းနိုင်ပါသည်။ လွှတ်တော်တစ်ရပ်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းကို ကျန်လွှတ်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။

**ဥပဒေကြမ်းတစ်ရပ်အာဏာသက်ဝင်မှု**

၃၈။ မလေးရှားနိုင်ငံအခြေခံဥပဒေ၏ ဥပဒေကြမ်းတစ်ရပ်အာဏာသက်ဝင်မှု အပိုင်းတွင် ပါလီမန်က ၎င်းတို့အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်ကို မလေးရှားဘုရင်ထံသို့ Royal assent ဘုရင်၏ အတည်ပြုထုတ်ပြန်သည့်အမိန့် လက်မှတ်ရေးထိုးနိုင်ရန် ပေးပို့ရပါသည်။ ဘုရင်သည် သဘောတူအတည်ပြုပါက အခြေခံဥပဒေအပိုဒ် ၆၆၊ အပိုဒ်ခွဲ (၄) အရ ရက်ပေါင်း (၃၀) အတွင်း လက်မှတ်ရေးထိုး၍ အများပြည်သူသို့ တံဆိပ်ခတ်နှိပ် ထုတ်ပြန်ခြင်းဖြင့် ဥပဒေအဖြစ်သို့ရောက်ရှိပါသည်။ထို့အပြင် အခြေခံဥပဒေ အပိုဒ် ၆၆၊ အပိုဒ်ခွဲ (၄) ပါအတိုင်း သတ်မှတ်ရက် (၃၀) ရက်အတွင်း လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းမပြုပါက ရက်ပေါင်း (၃၀) ကျော်လွန်ပြီးနောက် ယင်းဥပဒေကြမ်းသည် ဘုရင်က လက်မှတ်ရေးထိုးထုတ်ပြန်ဘိသကဲ့သို့ ဥပဒေအဖြစ်

[၄၇] Article 48 (2),(3) of the federal constitution of Malaysia

[၄၈] Article 53 (1),56 (6), 57 (6) , ibid

[၄၉] Article 55 (2),(4),(5) , ibid

ရောက်ရှိလာပါသည်။ သို့ရာတွင် အခြေခံဥပဒေ အပိုဒ် ၆၆၊ အပိုဒ်ခွဲ(၅) အရ ဘုရင်က လက်မှတ်ရေးထိုးသည်ဖြစ်စေ၊ မရေးထိုးသည်ဖြစ်စေ ဥပဒေများသည် အများပြည်သူသို့ ထုတ်ပြန်သည့်အခါမှ အာဏာသက်ရောက်မည် ဖြစ်ပါသည်။ သို့ရာတွင် ပါလီမန်၏အာဏာ ဖြစ်သော ဥပဒေတစ်ရပ်ရပ်၏ အာဏာသက်ဝင်မှု၊ အကျိုးသက်ရောက်မှုကို ရွှေ့ဆိုင်းရန် သို့မဟုတ် နောက်ကြောင်းပြန်အာဏာသက်ရောက်ရန် ဥပဒေပြုခွင့်ကို ထိခိုက်မှုအလျဉ်းမရှိစေရကြောင်း လေ့လာတွေ့ရှိရပါသည်။[၅၀]

၃၉။ ထို့ပြင် အောက်လွှတ်တော်ကသာ ငွေကြေးဆိုင်ရာဥပဒေကြမ်းကို အတည်ပြုနိုင်ပြီး ထိုသို့အတည်ပြုလျှင် အထက်လွှတ်တော်အစည်းအဝေးမပြီးဆုံးမီ အနည်းဆုံး ၁ လအတွင်း အထက်လွှတ်တော်သို့ ဥပဒေကြမ်းကို ပေးပို့ရပါသည်။ အထက်လွှတ်တော်က ၁ လအတွင်း ပြင်ဆင်ချက်လည်းမရှိ၊ သဘောတူခွင့်ပြုခြင်းလည်းမရှိသည့်အခါ ထိုဥပဒေကြမ်းအား အခြားနည်းညွှန်ကြားထားခြင်းမရှိလျှင် ဘုရင်ထံသို့ သဘောတူညီချက်ရယူရန် ပေးပို့ရမည်ဖြစ်ပါသည်။[၅၁] ဘုရင်၏ယင်းဥပဒေကြမ်းအပေါ် လုပ်ပိုင်ခွင့်မှာ အထက်အပိုဒ် ၃၈ တွင် တင်ပြထားသည့်အတိုင်း အခြေခံဥပဒေက သတ်မှတ်ထားပါသည်။

၄၀။ သို့ဖြစ်ရာ စည်းမျဉ်းခံဘုရင်စနစ်နှင့် ဖက်ဒရယ်အခြေခံဥပဒေတို့ဖြင့် နိုင်ငံကို ထိန်းသိမ်းဆောင်ရွက်ရာ၌ မလေးရှားနိုင်ငံသည် ပြည်သူကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊ အထက်လွှတ်တော်ရှိ ဘုရင်ကခန့်အပ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံအကြီးအကဲဘုရင်တို့အကြား အာဏာထိန်းကျောင်းရာ၌ အပြန်အလှန်ထိန်းကျောင်းမှု ယန္တရားကို တည်ထောင်ထားသည်ဟု သုံးသပ်ရရှိပါသည်။

## ပြည်ထောင်စု၏ ဥပဒေပြုစာရင်း

၄၁။ ပြည်ထောင်စု၏ ဥပဒေပြုစာရင်းကို ဇယား ၉၊ စာရင်း(၁)တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စု၏ ဥပဒေပြုစာရင်းတွင် နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ကာကွယ်ရေး၊ ဒေသတွင်းလုံခြုံရေး၊ ရှရီးရာတရားရုံးမှအပ ပြစ်မှု၊ တရားမနှင့် တရားစီရင်ရေးဆိုင်ရာတရားရုံးများ ဖွဲ့စည်းရေး၊ တရားရုံးများ၏ စီရင်ပိုင်ခွင့်များနှင့်လုပ်ပိုင်ခွင့်များ၊ တရားသူကြီးများ၏ လစာနှင့် အခြားရပိုင်ခွင့်များအပါအဝင် ပြည်ထောင်စုနိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားအဖြစ်ခံယူခြင်းကိစ္စများ၊ ပါလီမန်၏ လွှတ်တော် ၂ ရပ်နှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်များအတွက် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်ဆိုင်သမျှ အကြောင်းကိစ္စအားလုံး၊ လက်နက်ကိုင်တပ်ဖွဲ့များကောင်စီနှင့် ကော်မရှင်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ အစိုးရဌာနဝန်ထမ်း အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ အစ္စလာမ်ဥပဒေအပါအဝင် ပြည်ထောင်စုနယ်မြေများဖြစ်သော

[၅၀] Article 66 of the federal constitution of Malaysia

[၅၁] Article 68(1) , ibid

ကွာလာလမ်ပူ၊ လက်ဘူရန်၊ ပူထရာဂျာရာတို့၏ အစိုးရနှင့် စီမံခန့်ခွဲရေးကိစ္စများ၊ အမျိုးသား ဘဏ်များ၊ ပြည်နယ်များသို့ချေးငွေများ၊ ဘဏ္ဍာရေးနှင့်စာရင်းအင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များ၊ ပြည်ထောင်စုငွေလုံးငွေရင်းသို့ အချိုးကျပေးသွင်းရမည့် အခွန်များ၊ နိုင်ငံခြားငွေကြေး၊ စတော့အိတ်ချိန်း စသည်တို့အပါအဝင် ဘဏ္ဍာရေးဆိုင်ရာကိစ္စများ၊ ဒီဇိုင်း၊ တီထွင်မှု၊ ကုန်အမှတ် တံဆိပ်၊ ကုန်သွယ်မှုနှင့်စက်မှုဆိုင်ရာမူပိုင်ခွင့်များ၊ အလေးချိန်နှင့် တိုင်းတာမှုဆိုင်ရာ စံချိန်စံနှုန်း များအပါအဝင် ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းကိစ္စများ၊ သင်္ဘောနှင့် ရေကြောင်းသွားလာရေး၊ ငါးဖမ်းလုပ်ငန်း၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ သုတေသနလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် လူမှုဘဝအာမခံချက်၊ ခရီးသွားလုပ်ငန်းများစသည်တို့ပါဝင် ပါသည်။

## ပြည်နယ်ဥပဒေပြုစာရင်း

၄၂။ ပြည်နယ်ဥပဒေပြုစာရင်းကို ဇယား ၉၊ စာရင်း(၂)တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စု နယ်မြေဖြစ်သည့် ကွာလာလမ်ပူ၊ လက်ဘူရန်နှင့် ပူထရာဂျာရာတို့မှတစ်ပါး ပြည်နယ်များတွင် အစ္စလာမ်ဘာသာ ယုံကြည်ကိုးကွယ်သည့်သူများနှင့်သက်ဆိုင်သည့် အစ္စလာမ်ဥပဒေ၊ ပုဂ္ဂိုလ် ရေးနှင့်မိသားစုဥပဒေ၊ ဤစာပိုဒ်တွင်ပါဝင်သော အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့်- အစ္စလာမ်ဘာသာယုံကြည်ကိုးကွယ်သူများအတွက်သာ စီရင်ပိုင်ခွင့်ရှိသည့်- ရှရီရာ တရားရုံး တည်ထောင်ခြင်း၊ ဖွဲ့စည်းခြင်း၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း၊ သို့သော် ဖက်ဒရယ် ဥပဒေက ပေးအပ်ထားသည့်ကိစ္စရပ်များမှတစ်ပါး ပြစ်မှုများနှင့်စပ်လျဉ်းသည့် စီရင်ပိုင်ခွင့် မရှိစေရပါ။ သာသနာပြုခြင်းဆိုင်ရာမူဝါဒများကို ထိန်းချုပ်ခြင်းနှင့် အစ္စလာမ်ဥပဒေဆိုင်ရာ အကြောင်း အရာများ၊ မလေးအယူဝါဒနှင့် ဓလေ့ထုံးစံတို့အရ မြေယာလုပ်ပိုင်ခွင့်၊ မြေရှင်နှင့် မြေငှားတို့ ဆက်နွယ်မှု၊ မြေယာမှတ်ပုံတင်ခွင့်နှင့် သဘောတူစာချုပ်များ၊ မြေသိမ်းခြင်း၊ မြေယာဖွံ့ဖြိုး တိုးတက်မှု၊ မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်မှု၊ မြေငှားရမ်းခ ကန့်သတ်ထိန်းချုပ်ခြင်း၊ ဆာဘာနှင့်ဆာရာဝပ်ပြည်နယ်တို့တွင် မလေးလူမျိုးများနှင့် ဒေသခံများအတွက် ကြိုတင်၍ မြေယာသတ်မှတ်ပေးခြင်း၊ သတ္တုရှာဖွေရေးအတွက် ပါမစ်နှင့်လိုင်စင်များ၊ သတ္တုတွင်းအငှားချ ထားခြင်းနှင့် တရားဝင်အထောက်အထားထုတ်ပေးခြင်း၊ မလွှဲမသွေ မြေယာရရှိပိုင်ခွင့်၊ မြေလွှဲ ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်းနှင့် အခကြေးငွေများ၊ မြေယာပိုင်ဆိုင်ခွင့်၊ နိုင်ငံတော် ပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ရှေးဟောင်းပစ္စည်းများမှလွဲ၍ ပိုင်ရှင်မဲ့ရတနာပစ္စည်းများ၊ စိုက်ပျိုး ရေး၊ သစ်တော၊ ဒေသတွင်းစီမံခန့်ခွဲမှု၊ ဒေသများ၊ မြို့များနှင့် ကျေးလက်အဖွဲ့များအပါအဝင် မြူနီစပါယ်အဖွဲ့၊ ဒေသန္တရအစိုးရဝန်ထမ်းများ၊ ဈေးနှုန်းများ၊ ဒေသတွင်းအစိုးရ ရွေးကောက် ပွဲများ၊ ပြည်နယ်ဧရိယာအတွင်း စိတ်အနှောက်အယှက်ဖြစ်စေသည့်ကုန်သွယ်မှုနှင့် အများ ပြည်သူစိတ်ငြိုငြင်စေမှုများ၊ တိရစ္ဆာန်များနှင့်ကျွဲနွားများ ကျော်နင်းမှု၊ ဈေးများ၊ ကုန်စည်ပြပွဲ ဆိုင်ခန်းများ၊ ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ အပန်းဖြေနေရာများအတွက် လိုင်စင်ထုတ်ပေးခြင်း၊

ပြည်နယ်အလုပ်အကိုင်များ၊ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် မဆန့်ကျင်စေဘဲ ရေပေးဝေရေးနှင့် ဝန်ဆောင်မှုကိစ္စများမှတစ်ပါး မြစ်များ၊ တူးမြောင်းများ၊ နုန်းမြေများ ထိန်းသိမ်းခြင်း၊ မြစ်ကမ်းပါးနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များမှတစ်ပါး လမ်းများ၊ တံတားများနှင့် ဖယ်ရီများ၊ လမ်းများပေါ်တွင် သွားလာမည့်ယာဉ်များ၏ အလေးချိန်နှင့် အမြန်နှုန်းများဆိုင်ရာ စည်းမျဉ်းများ၊ ပြည်ထောင်စုနယ်မြေနှင့် မဆန့်ကျင်ဘဲ ပြည်နယ်အစိုးရအဖွဲ့ဖွဲ့စည်းခြင်း၊ ပြည်နယ်အုပ်ချုပ်သူများ/တော်ဝင်မိသားစုများ၏ ကုန်ကျစရိတ်များအတွက် ပါလီမန်ကနစ်စဉ်အတည်ပြုခွင့်ပြုငွေ၊ ပြည်နယ်၏ အငြိမ်းစားလစာကိစ္စများ၊ သီးသန့် ပြည်နယ်အစိုးရဝန်ထမ်းများ၊ နိုင်ငံ၏ကြွေးမြီပေးချေရန် ထူထောင်ထားသော ပြည်နယ်ရန်ပုံငွေ အာမခံချက်ဆိုင်ရာချေးယူခြင်းများ၊ ပြည်နယ်လိုအပ်ချက်အတွက် ချေးငွေများ၊ ပြည်နယ်၏ အများပြည်သူဆိုင်ရာကြွေးမြီ၊ ပြည်နယ်ဥပဒေပြုစာရင်းပါ အကြောင်းအရာတစ်ရပ်ရပ် သို့မဟုတ် ပြည်နယ်ဥပဒေများအရ ဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့်ဝန်ဆောင်ခများ၊ ပြည်နယ် အားလပ်ရက်ပိတ်ရက်များ၊ ပြည်နယ်ဥပဒေပြုစာရင်းပါ အကြောင်းအရာတစ်ရပ်ရပ် သို့မဟုတ် ပြည်နယ်ဥပဒေများအရ ဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့် ပြစ်မှုများကို သတ်မှတ်ပေးခြင်း၊ မြစ်ငါးဖမ်းလုပ်ငန်း၊ ပြည်ထောင်စုနှင့်သက်ဆိုင်ကြောင်း ကြေညာထားသည့် ကိစ္စရပ်များမှအပ စာကြည့်တိုက်များ၊ ပြတိုက်များ၊ ရှေးဟောင်းနှင့်သမိုင်းဆိုင်ရာ အထိမ်းအမှတ်များ အစရှိသည် တို့ဖြစ်သည်။

## ဆာဘာနှင့် ဆာရာဝပ်ပြည်နယ် နှစ်ခုအတွက် နောက်ဆက်တွဲဥပဒေပြုစာရင်း

၄၃။ ထို့ပြင်ဆာဘာနှင့် ဆာရာဝပ်ပြည်နယ် နှစ်ခုအတွက် နောက်ဆက်တွဲဥပဒေပြုစာရင်းကို ဇယား ၉ ၏ စာရင်း (၂-က) တွင် ထပ်တိုးပြဋ္ဌာန်းထားပါသည်။ ယင်းတို့မှာ ပြည်နယ်နှစ်ခုရှိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဥပဒေ၊ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ အုပ်ထိန်းခွင့်၊ မွေးစားခြင်း အစရှိသည့်ကိစ္စရပ်များ၊ ထိုကိစ္စရပ်များအား စစ်ဆေးစီရင်ရန်အတွက် Native Court များနှင့် ယင်းတရားရုံးများ၏ စီရင်ပိုင်ခွင့်နှင့်လုပ်ပိုင်ခွင့်များ ပြည်ထောင်စုနှင့်သက်ဆိုင်ကြောင်း ကြေညာထားသည့်နေရာများမှအပ သင်္ဘောဆိပ်များ၊ ဆိပ်ကမ်းများ၊ အခွန်ကောက်ခံရန်မြေတိုင်းတာခြင်း၊ ဆာဘာပြည်နယ်အတွင်း မီးရထားလမ်း ဖောက်ခြင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့်မဆန့်ကျင်စေဘဲ ရေအသုံးပြုမှုနှင့် ဝန်ဆောင်မှုများဖြစ်ပါသည်။

## ပြည်နယ်အားလုံးအတွက် တစ်ပြိုင်တည်းဥပဒေပြုအာဏာ

၄၄။ ပြည်နယ်အားလုံးအတွက်တစ်ပြိုင်တည်းဥပဒေပြုအာဏာကို ဇယား ၉၊ စာရင်း (၃) တွင် ပြဋ္ဌာန်းထားပြီး လူမှုဘဝဖူလုံရေးကိစ္စများ၊ ပညာသင်ဆုများ၊ တောရိုင်းတိရစ္ဆာန်နှင့်ငှက်များ ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသားဥယျာဉ်၊ တိရစ္ဆာန်မွေးမြူရေး၊ အိမ်ခြေယာမဲ့များ၊

ခေါင်းရွက်ဗျပ်ထိုးစျေးသည်များ၊ ပြည်သူ့ကျန်းမာရေး၊ ရေနုတ်မြောင်း၊ ဆည်မြောင်း၊ သတ္တုတွင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းတို့ဖြစ်ပါသည်။

## ဆာဘာနှင့်ဆာရာဝပ်အတွက် နောက်ဆက်တွဲတစ်ပြိုင်တည်းဥပဒေပြုစာရင်း

၄၅။ ထို့ပြင် ဆာဘာနှင့်ဆာရာဝပ်အတွက် နောက်ဆက်တွဲတစ်ပြိုင်တည်းဥပဒေပြုစာရင်းကို ဇယား ၉၊ စာရင်း (၃-က) ၌ ပြဋ္ဌာန်းထားပြီး ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းခြင်း အစရှိသည်တို့နှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာဥပဒေ၊ စားသောက်ကုန်နှင့် အခြားပစ္စည်းများ ရောနှောခြင်း၊ သင်္ဘောလုပ်ငန်း၊ ရေဖြန့်ဖြူးရေး၊ ရေအားလျှပ်စစ်၊ စိုက်ပျိုးရေးနှင့်သစ်တောသုတေသနလုပ်ငန်းများ၊ ပိုးမွှားတိရစ္ဆာန်ကာကွယ်ရေး၊ ပရဟိတလုပ်ငန်းများ၊ ပြဇာတ်ရုံ၊ ရုပ်ရှင်၊ ရွေးကောက်ပွဲကိစ္စရပ်၊ ဆေးဝါးနှင့် ကျန်းမာရေး အစရှိသည်တို့ ဖြစ်ပါသည်။

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရမည့် ပြဋ္ဌာန်းချက်များ

၄၆။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရမည့် ပြဋ္ဌာန်းချက်များကို ဇယား ၈ ၌ အပိုင်း (၃) ပိုင်းဖြင့် ဖော်ပြထားပါသည်။ အပိုင်း (၁) တွင် ပြည်နယ်အုပ်ချုပ်သူများသည် ယင်းပြည်နယ်စီမံခန့်ခွဲရေးကောင်စီ၏ အကြံဉာဏ်နှင့်အညီ ဆောင်ရွက်ရခြင်း၊ အုပ်ချုပ်သူတစ်ဦးအား ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခြင်း၊ စီမံခန့်ခွဲရေးကောင်စီ၊ ဥပဒေပြုရေး၊ ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများ၊ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းပျက်ယွင်းသည့်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဥပဒေပြုလွှတ်တော်ကျင်းပခြင်း၊ အစည်းအဝေးရပ်ဆိုင်းခြင်း၊ လွှတ်တော်ကို ဖျက်သိမ်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ ပြည်နယ်အလုပ်သမားများအား မျှတစွာဆက်ဆံရေး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း၊ မလက္ကာ၊ ပီနန်၊ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်အသီးသီးရှိ ဘုရင်ခံများနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ အပိုင်း (၂) တွင် ယာယီပြဋ္ဌာန်းချက်များ၊ အပိုင်း (၃) တွင် အပိုင်း (၁) နှင့် (၂) ရှိ မလက္ကာ၊ ပီနန်ပြည်နယ်တို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်အချို့အား ပြုပြင်ပြောင်းလဲချက်များ ပါဝင်ပါသည်။

## ရွေးကောက်ပွဲများ


၄၇။ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း (၈) ၌ အပိုဒ် ၁၁၃ မှ ၁၂၀ အထိ ပြဋ္ဌာန်းထားပါသည်။ ရွေးကောက်ပွဲကော်မရှင်အား အုပ်ချုပ်သူများညီလာခံနှင့် ညှိနှိုင်းပြီးနောက် ဘုရင်က ခန့်အပ်ပါသည်။ ကော်မရှင်တွင် ဥက္ကဋ္ဌ ၁ ဦး၊ ဒုတိယဥက္ကဋ္ဌ ၂ ဦး၊ အဖွဲ့ဝင် ၅ ဦးတို့ ပါဝင်ဖွဲ့စည်းထားပြီး အသက် ၆၆ နှစ်အထိ ဆောင်ရွက်ခွင့်ရှိသည်။ လူမွဲအဖြစ် ကြေညာခံထားရလျှင် သို့မဟုတ် လစာဝင်ငွေရရှိသည့် အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်လျှင် သို့မဟုတ် အောက်လွှတ်တော်တွင်ဖြစ်စေ၊ ပြည်နယ်ဥပဒေပြုလွှတ်တော်တွင်ဖြစ်စေ၊ အဖွဲ့ဝင်

တစ်ဦးဦးဖြစ်လျှင် အဆိုပါရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အား ဘုရင်က ရာထူးမှ ထုတ်ပယ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁၃၊ အပိုင်း (၁) တွင် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့်မူဝါဒများကို ကြေညာခြင်းနှင့် အပိုင်း (၂) တွင် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။ အပိုင်း (၁) အရ မဲဆန္ဒနယ်များကို အောက်လွှတ်တော်နှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်များအတွက်သာ သတ်မှတ်ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ အပိုင်း (၂) အရ မဲဆန္ဒနယ်များ ပြောင်းလဲပြင်ဆင်သတ်မှတ်ပြီးလျှင် ထိုသို့သတ်မှတ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ထံ ရွေးကောက်ပွဲကော်မရှင်က အကြောင်းကြားရမည်ဖြစ်ပြီး နိုင်ငံတော်ပြန်တမ်းနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဖြန့်ဝေသည့်သတင်းစာ အနည်းဆုံးတစ်စောင်၌ အများသိအောင် ပုံနှိပ်ထုတ်ဝေရမည်ဖြစ်ပါသည်။ မဲဆန္ဒနယ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်ပါကလည်း စုံစမ်းစစ်ဆေးရေးကော်မရှင်ဥပဒေဖြင့် ကော်မရှင်နာများအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်အားလုံးကို ရွေးကောက်ပွဲကော်မရှင်က ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။

**တရားစီရင်ရေး**

၄၈။ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း (၉) တွင် အပိုဒ် ၁၂၁ မှ ၁၃၁-က အထိ ပြဋ္ဌာန်းထားပါသည်။ တရားရုံးများ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ဖက်ဒရယ်တရားရုံး၊
- အယူခံတရားရုံး၊
- မလေးပြည်နယ်များအတွက် တရားလွှတ်တော်တစ်ခု၊ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်တို့အတွက် တရားလွှတ်တော်တစ်ခု၊
- ဖက်ဒရယ်ဥပဒေအရ သတ်မှတ်ထားသော လက်အောက်ခံတရားရုံးများနှင့် ရှရီရာတရားရုံးများဖြစ်ကြပြီး တရားလွှတ်တော်များနှင့် လက်အောက်ခံတရားရုံးများသည် ရှရီရာတရားရုံးများကသာ စီရင်ပိုင်ခွင့်ရှိသော ကိစ္စရပ်များကို စီရင်ပိုင်ခွင့် မရှိပါ။




**လက်ရှိမလေးရှားနိုင်ငံတရားရုံးအဆင့်ဆင့်ဖွဲ့စည်းပုံ**

၄၉။ ဖက်ဒရယ်တရားရုံးတွင် ဖက်ဒရယ်တရားရုံးတရားသူကြီးချုပ်၊ အယူခံတရားရုံးဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ် ၂ ဦး၊ တွဲဖက်တရားသူကြီး (additional judges) ၁၁ ဦး ပါဝင်ဖွဲ့စည်းထားသည်။ ထို့ပြင် ဖက်ဒရယ်တရားသူကြီးချုပ်က တရားမျှတမှုအတွက် လိုအပ်သည်ဟု ထင်မြင်လျှင် အယူခံတရားရုံးတရားသူကြီးတစ်ဦးသည် ဖက်ဒရယ်တရားရုံး တရားသူကြီးအဖြစ် ဆောင်ရွက်နိုင်ပါသည်။

၅၀။ အယူခံတရားရုံးတွင် အယူခံတရားရုံးဥက္ကဋ္ဌနှင့် ၃၂ ဦးထက်မပိုသော တရားရုံးတရားသူကြီးများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ထို့ပြင် အယူခံတရားရုံးဥက္ကဋ္ဌက တရားမျှတမှုအတွက် လိုအပ်သည်ဟု ထင်မြင်လျှင် တရားလွှတ်တော်တရားသူကြီးတစ်ဦးသည် အယူခံတရားရုံးတရားသူကြီးအဖြစ် ဆောင်ရွက်နိုင်ပါသည်။

၅၁။ မလေးရှားတရားလွှတ်တော်တွင် တရားသူကြီးချုပ် ၁ ဦးနှင့် ၆၀ ဦးထက် မပိုသော တရားသူကြီးများ ပါဝင်ဖွဲ့စည်းထားပြီး ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်တို့၏ တရားလွှတ်တော်တွင် တရားသူကြီးချုပ် ၁ ဦးနှင့် ၁၃ ဦးထက် မပိုသော တရားသူကြီးများ ပါဝင်ဖွဲ့စည်းထားပါသည်။

၅၂။ တရားသူကြီးများအားလုံးကို အုပ်ချုပ်သူများညီလာခံနှင့် ညှိနှိုင်းပြီးနောက် ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် ဘုရင်က ရွေးချယ်ခန့်အပ်သည်။ တရားသူကြီးများ၏ အရည်အချင်းများမှာ နိုင်ငံသားဖြစ်ရမည်။ တရားလွှတ်တော်ရှေ့နေအဖြစ် ၁၀ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရှိတရားစီရင်ရေးနှင့် ဥပဒေရေးရာဌာနတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သူတို့ဖြစ်ပါသည်။ တရားသူကြီးများသည် အသက် ၆၆ နှစ်အထိ တာဝန်ထမ်းဆောင်နိုင်ပါသည်။ ဘုရင်က ပြဋ္ဌာန်းထားသော ကိုယ်ကျင့်တရားဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်လျှင် ခုံအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ပြီး ထိုသို့ ဆောင်ရွက်နေစဉ် ချိုးဖောက်သူတရားသူကြီးအား ဘုရင်က ရာထူးမှ ရပ်ဆိုင်းနိုင်ပါသည်။ ဂုဏ်သိက္ခာမဲ့စွာ ပြုမူခြင်း၊ မကျန်းမာခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ တရားသူကြီးများအား ဘုရင်က ခန့်ထားသော ခုံအဖွဲ့၏ အကြံပြုချက်ဖြင့် ရာထူးမှ ထုတ်ပယ်ရမည် ဖြစ်ပါသည်။ ခုံအဖွဲ့တွင် တရားသူကြီး ၅ ဦးထက်မနည်း ပါဝင်ပြီး ဖက်ဒရယ်တရားရုံး သို့မဟုတ် အယူခံတရားရုံး သို့မဟုတ် တရားလွှတ်တော် တရားသူကြီးအဖြစ် တာဝန် ထမ်းဆောင်သူ သို့မဟုတ် ထမ်းဆောင်ခဲ့သူများ သို့မဟုတ် အကယ်၍ ဘုရင်က ထိုကဲ့သို့သော ခန့်အပ်မှုပြုရန် သင့်တော်သည်ဟု ယူဆလျှင် ဓနသဟာယအဖွဲ့ဝင် နိုင်ငံတစ်ခုခု၌ တာဝန်ထမ်းဆောင်နေသူ သို့မဟုတ် ထိုအဆင့်နှင့်တူညီသော ရုံးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ကြပါသည်။

၅၃။ အယူခံတရားရုံးဥက္ကဋ္ဌနှင့် တရားလွှတ်တော်တရားသူကြီးချုပ်များသည် ဖက်ဒရယ်တရားရုံးတရားသူကြီးချုပ်အား တာဝန်ခံရမည် ဖြစ်ပါသည်။ တရားရုံးများသည် အဆင့်ဆင့်အယူခံဝင်ခွင့်ရှိပါသည်။ အခြေအမြစ်ရှိသော အဆိုတစ်ရပ်ကို လွှတ်တော်တစ်ရပ်ရှိ စုစုပေါင်းအဖွဲ့ဝင်များ၏ ၄ ပုံ ၁ ပုံထက်မနည်းသော အဖွဲ့ဝင်များကပေးသည့် အကြောင်းကြားစာအရမှ

တစ်ပါး ပါလီမန်၏ လွှတ်တော်နှစ်ရပ်လုံးတွင် တရားသူကြီးများ၏ အပြုအမူဆောင်ရွက်ချက်များကို ဆွေးနွေးခြင်း မပြုရပါ။

**ဖက်ဒရယ်တရားရုံး၏ လုပ်ငန်းတာဝန်များနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ**

၅၄။ ဖက်ဒရယ်တရားရုံးသည် ပါလီမန်က ပြဋ္ဌာန်းသော ဥပဒေတစ်ရပ် သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသော **ဥပဒေတစ်ရပ်သည် တရားမဝင် ပျက်ပြယ်ခြင်း ရှိမရှိ** ကိစ္စရပ်များနှင့် **ပြည်နယ်အချင်းချင်းကြားတွင် ဖြစ်စေ၊ ပြည်ထောင်စုနှင့် ပြည်နယ်တစ်ခုခုအကြားတွင် ဖြစ်စေ ပေါ်ပေါက်သော အငြင်းပွားမှုများကို** အဆုံးအဖြတ်ပေးရန် စီရင်ပိုင်ခွင့်ရှိသည်။

၅၅။ ဖက်ဒရယ်တရားရုံး၏ အယူခံစီရင်ပိုင်ခွင့်တစ်ရပ်ရပ်ကို မထိခိုက်စေဘဲ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးတစ်ရုံးရှေ့၌ အငြင်းပွားမှု တစ်ရပ်ပေါ်ပေါက်ခဲ့လျှင် **ဖက်ဒရယ်တရားရုံးသည် အဆိုပါ ပြဿနာအား စီရင်ဆုံးဖြတ်ခွင့်ရှိသည့်အပြင်** အဆိုပါအမှုအား ဆုံးဖြတ်ရန် အခြားတရားရုံးတစ်ရုံးသို့ လွှဲပြောင်းပေးနိုင်သည်။

၅၆။ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အကျိုးသက်ရောက်မှုနှင့်**စပ်လျဉ်း၍ ဘုရင်ထံ၌ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ သို့မဟုတ် ပေါ်ပေါက်နိုင်ဖွယ်ရှိသည့်အခါ ဖက်ဒရယ်တရားရုံး၏သဘောထားကို ရယူရန်အတွက် အဆိုပါကိစ္စရပ်ကို **ဘုရင်က ဖက်ဒရယ်တရားရုံးသို့လွှဲအပ်တင်ပို့နိုင်သည်**။ ဖက်ဒရယ်တရားရုံးသည် ထိုသို့ပေးပို့လာသော ပြဿနာရပ်အပေါ် ၎င်း၏အကြံပြုချက်သဘောထားကို အများပြည်သူရှေ့မှောက်( Open Court) ထုတ်ပြန်ကြေညာရမည် ဖြစ်ပါသည်။

**Privy Council ၏ အခန်းကဏ္ဍနှင့်မလေးရှားနိုင်ငံ**

၅၇။ Privy Council ၏ တရားစီရင်ရေးကော်မတီသည် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ၊ ဗြိတိသျှဘုရင်၏လက်အောက်ခံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(Crown Dependency) များနှင့် ဗြိတိသျှပိုင်ပင်လယ်ရပ်ခြားနယ်မြေများ၏ အမြင့်ဆုံးအယူခံတရားရုံး ဖြစ်ပါသည်။ Privy Council သည် ဘုရင်မကြီး (ယခုဘုရင်) က ၎င်း၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ အကြံပေးသည့် ကောင်စီဖြစ်ပါသည်။ ဓနသဟာယအဖွဲ့ဆိုသည်မှာ ဗြိတိသျှကိုလိုနီနိုင်ငံများ လွတ်လပ်ရေးရရှိပြီးနောက် ယင်းတို့သည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သော်လည်း ၎င်းတို့၏နိုင်ငံအကြီးအကဲအဖြစ် ဗြိတိသျှဘုရင်မကြီးကို သတ်မှတ်ထားရှိပြီး ၎င်းကိုယ်စားဘုရင်ခံများခန့်အပ်၍ အခြေခံဥပဒေဖြင့်တည်ထောင်ထားသောနိုင်ငံများ ပေါင်းစုထားသည့်အဖွဲ့ဖြစ်ပါသည်။ အဆိုပါနိုင်ငံ၏တရားစီရင်ရေးတွင် နောက်ဆုံးတရားရုံးအဖြစ် Privy Council of London ကို အချို့သောနိုင်ငံများက ၎င်းတို့၏ တရားစီရင်ရေးစနစ်တွင် ထည့်သွင်းခဲ့ကြပါသည်။ မလေးရှားနိုင်ငံသည်လည်း လွတ်လပ်ရေးရပြီးစကာလတွင် ၎င်းတို့၏

တရားစီရင်ရေး၌ နောက်ဆုံးအယူခံတရားရုံးအဖြစ် Privy Council of London ကို ထားရှိခဲ့ပါသည်။ [၅၂]

၅၈။ သို့ရာတွင်Privy Council ကို မလေးရှားနိုင်ငံ၏ အမြင့်ဆုံးတရားရုံးအဖြစ် ထားရှိခဲ့ရာ၌ ပြစ်မှုနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများအတွက် ၁၉၇၈ ခုနှစ်အထိနှင့် တရားမမှုများအတွက် ၁၉၈၅ ခုနှစ် အထိသာ ထားရှိဆောင်ရွက်ခဲ့ပါသည်။ (စကားချပ်။ သို့ဖြစ်၍ ၁၉၆၆ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ထိုစဉ်ကဆာရာဝပ်ပြည်နယ် ဝန်ကြီးချုပ်၏ အမှုကို Privy Council ၌ အယူခံတင်သွင်းခဲ့ကြောင်းတွေ့ရှိရပါသည်။)[၅၃] ထိုသို့ ၁၉၈၅ ခုနှစ်မတိုင်မီက Privy Council သည် မလေးရှားနိုင်ငံအတွက် အပြီးသတ်အယူခံတရားရုံးဖြစ်ခဲ့သော်လည်း ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၌ အာဏာသက်ဝင်ခဲ့သော မလေးရှားတရားလွှတ်တော်ချုပ် အက်ဥပဒေ A ၅၆၆ အရ အဆိုပါကိစ္စရပ်ကို ပယ်ဖျက်ခဲ့ပြီး ယခုအခါ မလေးရှားဖက်ဒရယ် တရားရုံးကသာ မလေးရှားနိုင်ငံ၏ နောက်ဆုံးနှင့်အမြင့်ဆုံးအယူခံတရားရုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။[၅၄]

**ရပ်ရွာအေးချမ်းသာယာရေးကိုနှောက်ယှက်ခြင်း၊ ထိခိုက်နစ်နာစေခြင်းများအတွက် ပါလီမန်က ဥပဒေပြုခြင်း**

၅၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၉ အရ ပြည်ထောင်စု၏ ပြင်ပ၌ဖြစ်စေ၊ အတွင်း၌ဖြစ်စေ-

- နိုင်ငံသားများအား ကြောက်ရွံ့မှုဖြစ်ပေါ်စေရန်၊ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းဥစ္စာကို နစ်နာစေမည့် အကြမ်းဖက်မှုကို ဖြစ်စေရန်၊
- ပြည်ထောင်စုရှိ ဘုရင် သို့မဟုတ် အစိုးရတစ်ရပ်အား ဆန့်ကျင်ပုန်ကန်မှုကို လှုံ့ဆော်ပေးရန်၊
- မျိုးနွယ်စုများအကြား သို့မဟုတ် လူတန်းစားအလွှာများအကြား အကြမ်းဖက်မှုဖြစ်ပေါ်စေနိုင်သည့် မလိုမုန်းထားစိတ်နှင့်ရန်လိုစိတ်များကို အားပေးအားမြှောက် ပြုရန်၊
- တရားဝင်နည်းလမ်းဖြင့် မဟုတ်ဘဲ ဥပဒေဖြင့် သတ်မှတ်ထားသော အရာတစ်ခုခုကို ပြင်ဆင်ပြောင်းလဲခြင်း ဖြစ်စေရန်၊
- ပြည်ထောင်စု၌ဖြစ်စေ၊ ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုခု၌ဖြစ်စေ အများပြည်သူ သို့မဟုတ် လူတန်းစားတစ်ရပ်ရပ်ကို ထောက်ပံ့ပေးသည့် သို့မဟုတ်

[၅၂] The Judicial Committee of the Privy Council

[၅၃] ဤစာတမ်း စာမျက်နှာ ၃၁၊ အပိုဒ် ၇၆ တွင် ဖတ်ရှုနိုင်ပါသည်။

[၅၄] https://www.lawyerment.com/library/kb/Legal_Institutions/Judiciary/1512.htm

ဝန်ဆောင်မှုပေးသည့် အရာတစ်ခုခုအား ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းကို ထိခိုက်နစ်နာစေရန်၊

- ပြည်ထောင်စု၌ဖြစ်စေ၊ ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုခု၌ဖြစ်စေ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် လုံခြုံရေးကို ထိခိုက်နစ်နာစေရန်၊

ပြုလုပ်ခဲ့သော သို့မဟုတ် ခြိမ်းခြောက်ခဲ့သော လုပ်ဆောင်ချက်သည် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်နစ်နာစေသော လုပ်ဆောင်ချက်ဖြစ်သည်ဟု ပါလီမန်ကဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။ အဆိုပါဥပဒေရှိ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်နှင်ဒဏ်ပေးခြင်းအားတားမြစ်ခြင်းနှင့် လွတ်လပ်စွာရွှေ့ပြောင်းခွင့်၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ စုရုံးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်ဟူသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်စေကာမူ သို့မဟုတ် ပါလီမန်၏ ဥပဒေပြုခွင့်အာဏာကို ကျော်လွန်စေကာမူ တရားဝင်အတည်ဖြစ်သည်။

၆၀။ အထက်အပိုဒ်တွင် ဖော်ပြထားသည့် ကိစ္စရပ်တစ်ခုခုပါရှိသော ဥပဒေတစ်ရပ်အား ပါလီမန်ကဖျက်သိမ်းကြောင်းဆုံးဖြတ်ခဲ့လျှင် ယင်းဥပဒေကို ရုပ်သိမ်းခြင်း မပြုသေးသော်လည်း ၎င်း၏အကျိုးသက်ရောက်မှု ရပ်စဲသွားမည်ဖြစ်သည်။ သို့ရာတွင် အဆိုပါဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသည့် ကိစ္စတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤအပိုဒ်အရ ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းရန် ပါလီမန်၏ ဥပဒေပြုပိုင်ခွင့်ကိုဖြစ်စေ မထိခိုက်စေရပါ။

**အရေးပေါ်အခြေအနေကြေညာခြင်း**

၆၁။ အရေးပေါ်အခြေအနေကြေညာခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၀ ၌ ပြဋ္ဌာန်းထားပါသည်။ပြည်ထောင်စု၌ဖြစ်စေ၊ ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုခု၌ဖြစ်စေ လုံခြုံရေး၊ စီးပွားရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို ခြိမ်းခြောက်ခံရသည့် စိုးရိမ်မကင်းဖွယ်ရာ အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း ဘုရင်ကယူဆလျှင် အရေးပေါ်ကြေညာချက် တစ်ရပ်ကို ဘုရင်ကထုတ်ပြန်နိုင်သည်။ ထိုသို့ထုတ်ပြန်ရာ၌ ခြိမ်းခြောက်ခံရသည့်ဖြစ်စဉ် အမှန်တကယ်ဖြစ်ပွားမလာမီ အဆိုပါဖြစ်စဉ်မှာ အန္တရာယ်ကျရောက်တော့မည့် အခြေအနေရှိကြောင်း ဘုရင်က ကျေနပ်လျှင် အရေးပေါ်ကြေညာချက်ကို ကြိုတင်ထုတ်ပြန်နိုင်ပါသည်။ ဤသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်တွင် မတူညီသော အကြောင်းအရာများနှင့် အခြေအနေများပေါ် မူတည်၍ ဘုရင်က ကွဲပြားသောအရေးပေါ်ကြေညာချက်များ ထုတ်ပြန်နိုင်ခွင့်လည်း ပါဝင်ပါသည်။ ထိုသို့ ထုတ်ပြန်ပြီးသော ကြေညာချက်တစ်ခု သို့မဟုတ် အားလုံးသည် အသက်ဝင်အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

၆၂။ အရေးပေါ်အခြေအနေကြေညာချက် အသက်ဝင်နေသည့် မည်သည့်အချိန်မဆို ပါလီမန်၏ လွှတ်တော်နှစ်ရပ်စလုံးတည်ရှိနေချိန်မှလွဲ၍ ဘုရင်က ချက်ချင်းအရေးယူဆောင်ရွက်ရန်

လိုအပ်သည့် အချို့သောအခြေအနေများ ဖြစ်ပေါ်နေကြောင်း ဘုရင်အား သဘောကျကျေနပ် စေရမည်ဖြစ်ပြီး ဘုရင်က အဆိုပါအခြေအနေနှင့်စပ်လျဉ်းသည့် တစ်ချက်လွှတ်အမိန့်များကို ထုတ်ပြန်ကြေညာနိုင်သည်။ အဆိုပါတစ်ချက်လွှတ်အမိန့်များသည်လည်း ပါလီမန်က ပြဋ္ဌာန်းသော ဥပဒေကဲ့သို့ အာဏာသက်ရောက်မည် ဖြစ်သည်။ အရေးပေါ်အခြေအနေ ကြေညာချက်သည် ပါလီမန်က ရုပ်သိမ်းပယ်ဖျက်မှု မပြုမချင်း အာဏာသက်ရောက်မည်ဖြစ်ပါသည်။

၆၃။ အရေးပေါ်အခြေအနေကြေညာချက်နှင့် တစ်ချက်လွှတ်အမိန့်တို့ကို ပါလီမန်သို့ တင်သွင်းရမည်။ သို့ရာတွင် အဆိုပါကြေညာချက်နှင့် အမိန့်တို့အရ ဆောင်ရွက်ခဲ့မှုများကို ထိခိုက်မှု မရှိစေဘဲ သို့မဟုတ် ကြေညာချက်အသစ် သို့မဟုတ် တစ်ချက်လွှတ်အမိန့်တစ်ခုကို ထပ်မံထုတ်ပြန်ရန် ဘုရင်၏လုပ်ပိုင်ခွင့်ကို ထိခိုက်မှုမရှိစေဘဲ ကြေညာချက် သို့မဟုတ် အမိန့်ကို လွှတ်တော် ၂ ရပ်လုံးက ပယ်ဖျက်ကြောင်း ဆုံးဖြတ်လျှင် အာဏာသက်ရောက်မှု ရပ်စဲသွားမည် ဖြစ်ပါသည်။

၆၄။ သို့ရာတွင် အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့်စပ်လျဉ်း၍ ဘုရင်၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်ပြီး မည်သည့်အကြောင်းပြချက်နှင့်မျှ မည်သည့်တရားရုံးတွင်မှ ဖြေရှင်းဆောင်ရွက်ခြင်း မရှိစေရကြောင်း တွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၆၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ သီးသန့်အခန်းတစ်ခန်း ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အပိုင်း (၁၂)၊ " အထွေထွေပြဋ္ဌာန်းချက်များ" ခေါင်းစဉ်ကြီးအောက်၌ ဖော်ပြပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၉(၁)တွင် "ဤအပိုဒ်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ အပိုဒ် ၁၆၁-င တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ မဆန့်ကျင်စေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖက်ဒရယ်ဥပဒေဖြင့် ပြင်ဆင်နိုင်သည်"ဟုပြဋ္ဌာန်းထားပါသည်။ အပိုဒ် ၁၆၁-င တွင် ဆဘာနှင့်ဆာရာဝပ်ပြည်နယ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဆင့်အတန်းအတွက် အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်များကို ဖော်ပြထားပြီး ထိုပြည်နယ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ပြည်နယ်ဘုရင်ခံများ၏ သဘောတူညီချက်မပါရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းမပြုရကြောင်း တွေ့ရှိရပါသည်။

၆၆။ အပိုဒ် ၁၅၉ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ပြဋ္ဌာန်းချက်များမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဥပဒေကြမ်းတစ်ရပ်အား အဆိုတင်သွင်းပြီးနောက် လွှတ်တော်၌ နောက်ထပ် နှစ်ကြိမ်တိုင်အောင် တင်ပြဆောင်ရွက်ရပြီး လွှတ်တော်တစ်ရပ်ရပ်ရှိ အဖွဲ့ဝင်စုစုပေါင်း၏ ၃ ပုံ ၂ ပုံထက် မနည်းသော ဆန္ဒမဲဖြင့် ထောက်ခံခြင်းမရှိပါက ပါလီမန်၏ လွှတ်တော်တစ်ရပ်ရပ်တွင် အတည်ပြုပြဋ္ဌာန်းခြင်း မပြုရပါ။

၆၇။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၅၉၊အပိုဒ်ခွဲ(၅)တွင်အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်နှင့်ဇယားတို့အား အုပ်ချုပ်သူများညီလာခံ၏ သဘောတူညီချက်မရရှိဘဲ ပြင်ဆင်ခြင်း မပြုရကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ-

အပိုဒ် ၁၀၊အပိုဒ်ခွဲ(၄)။ ။ ပြည်ထောင်စု သို့မဟုတ် ပြည်ထောင်စုရှိ အစိတ်အပိုင်း တစ်ခုခု၏လုံခြုံရေးနှင့်သက်ဆိုင်သော တားမြစ်ချက်များနှင့်စပ်လျဉ်း၍ ပါလီမန်က ဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း၊

အပိုင်း ၃ ။ ။ နိုင်ငံသားဖြစ်မှု၊

အပိုဒ် ၃၈။ ။ အုပ်ချုပ်သူများညီလာခံ၊

အပိုဒ် ၆၃၊ အပိုဒ်ခွဲ(၄)။ ။ လွှတ်တော် သို့မဟုတ် လွှတ်တော်၏ကော်မတီ တစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦး၏ ပြောကြားချက် သို့မဟုတ် ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မှ ဖြေရှင်းရန် တာဝန်မရှိစေရခြင်း၊

အပိုဒ် ၇၀ ။ ။ ပြည်နယ်ဘုရင်ခံနှင့်သက်ဆိုင်သောပြဋ္ဌာန်းချက်၊

အပိုဒ် ၇၁၊ အပိုဒ်ခွဲ(၁)။ ။ပြည်နယ်အုပ်ချုပ်သူ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ပြည်ထောင်စုကအာမခံရခြင်း၊

အပိုဒ် ၇၂၊အပိုဒ်ခွဲ(၄)။ ။ပြည်နယ်ဥပဒေပြုလွှတ်တော် သို့မဟုတ် လွှတ်တော်၏ ကော်မတီတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦး၏ ပြောကြားချက် သို့မဟုတ် ဆန္ဒမဲပေးခြင်း နှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မှ ဖြေရှင်းရန် တာဝန်မရှိစေရခြင်းဟူသော ကိစ္စရပ်အား အပိုဒ် ၁၀၊ အပိုဒ်ခွဲ (၄) ဖြင့် ပြဋ္ဌာန်းသည့်ဥပဒေအရ ကျူးလွန်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံတော် အား အကြည်ညိုပျက်အောင်ပြုခြင်းအတွက် ကျူးလွန်သည့်ပြစ်မှုတစ်ရပ်ရပ်တို့ဖြင့် လူတစ်ဦး အား တရားစွဲဆိုရာတွင် ကျင့်သုံးမှုမပြုရခြင်း၊

အပိုဒ် ၁၅၂။ ။ နိုင်ငံတော်ဘာသာစကား၊

အပိုဒ် ၁၅၃။ ။ ဆာဘာနှင့်ဆာရာဝပ် ပြည်နယ်များရှိ မလေးနှင့်ဌာနေတိုင်းရင်းသား များအတွက် အစိုးရအမှုထမ်းခြင်းနှင့်တရားဝင်ခွင့်ပြုသည့် စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ခွင့်ပြုသည့်အကန့်အသတ်ကို သီးသန့်ထားရှိခြင်းနှင့်

အပိုဒ်၁၅၉ အပိုဒ်ခွဲ(၁)တို့ဖြစ်ပါသည်။

ဤအပိုဒ်အရပြင်ဆင်ချက်ဆိုရာတွင် ထပ်မံဖြည့်စွက်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့လည်း ပါဝင်ပါသည်။

**မလေးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းတို့အား နှိုင်းယှဉ်လေ့လာတင်ပြခြင်း**

၆၈။ မလေးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းတို့အား နှိုင်းယှဉ်လေ့လာကြည့်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း"အား အခန်း (၁၂) ၌ ခေါင်းစဉ်ကြီးဖြင့် သီးသန့်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပြီး မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းအား မြန်မာနိုင်ငံကဲ့သို့ သီးခြားအခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားခြင်း မဟုတ်သည်ကိုတွေ့ရှိရပါသည်။

၆၉။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက တင်ပြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ (က) အရ စုစုပေါင်း ပုဒ်မ ၉၅ ခုအား ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်ရပါသည်။ ထိုပုဒ်မ ၉၅ ခုမှ လွဲ၍ ကျန်ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၃၆ (ခ) အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရပါသည်။ မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သူများညီလာခံ၏ သဘောတူညီချက်မရှိဘဲ ပြင်ဆင်ခြင်းမပြုရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်နှင့်ဇယားတို့မှာ စုစုပေါင်း (၁၀) ခုသာရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာ၌ ပါလီမန်၏ လွှတ်တော်နှစ်ရပ်အနက် မည်သည့်လွှတ်တော်သို့ တင်သွင်းရမည်ဟု သတ်မှတ်ထားခြင်းလည်း မရှိပါ။ မလေးရှားနိုင်ငံပါလီမန်၏ လွှတ်တော်နှစ်ရပ်ပေါင်းသည် ၂၉၂ ဦးသာရှိပြီး ထိုကိုယ်စားလှယ်စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ခြင်းလည်း မဟုတ်ပါ။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာ၌ မြန်မာနိုင်ငံကဲ့သို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်ပြင်ဆင်ရခြင်း စသည့်အချက်များ မပါဝင်သဖြင့် မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်ပါက ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်ဟု လေ့လာတင်ပြအပ်ပါသည်။

၇၀။ ဤနေရာ၌ အလျဉ်းသင့်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပါရှိသော ပြဋ္ဌာန်းချက်များအနက် ပြင်ဆင်သင့်သည်ဟု လေ့လာတွေ့ရှိရသော

ပြဋ္ဌာန်းချက်အချို့ကို အောက်ပါအတိုင်းတင်ပြလိုပါသည်-

(က) ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဂ) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦး ပါဝင်စေရမည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မခွဲ (ဈ) အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဦးစီးအဖွဲ့တို့တွင် ဦးစီးအဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် ဦးစီး အဖွဲ့ဝင်ဦးရေကို တပ်မတော်သားများဖြင့် လိုအပ်သလို ဖြည့်စွက်တာဝန်ပေး နိုင်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ကိန်းဂဏန်းအနေဖြင့် စားလိုက်ပါက ၂.၅ ဖြစ်နေသဖြင့် တပ်မတော်သားကိုယ်စားလှယ်များထည့်သွင်းနိုင်မှု အရေ အတွက်သည် တိကျမှုမရှိကြောင်း တွေ့ရှိရပါသည်။ ဤသို့သောအခြေအနေ မျိုးသည် နိုင်ငံ၏အရေးအပါဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၌ မဖြစ်သင့် ကြောင်းနှင့် အခြေခံဥပဒေတွင် ဤကိစ္စနှင့်စပ်လျဉ်း၍ အတိအကျဖော်ပြသင့် သည်ဟု တင်ပြအပ်ပါသည်။

(ခ) ပုဒ်မ ၁၃၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ၁၅၈၊ ပုဒ်မခွဲ(က) တို့တွင် "ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စု လွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင်" ဟု ဖော်ပြထားရာ ပေးပို့သူသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ပြည်ထောင် စုလွှတ်တော်နှစ်ခုအနက် မည်သူဖြစ်ကြောင်း ရှင်းလင်းမှုမရှိပါ။ ထို့အပြင် "ပြည် ထောင်စုလွှတ်တော်က သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ" ဟု ရေး သားထားသည်မှာ ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်း များဟု ဆိုလိုရာရောက်ပါသည်။ အမှန်မှာ "သတ်မှတ်ထားသော နည်းလမ်းများ နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာလျှင်" ဟု ရေးသားရမည် ဖြစ် ကြောင်းတွေ့ရှိရပါသည်။ ဆက်စပ်ပုဒ်မဖြစ်သော ပုဒ်မ ၁၀၁ တွင် " ပြည်ထောင် စုအဆင့်အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေ ကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ" ဟု ရေးသားထားရာ ထိုကဲ့သို့ ပြင်ဆင်ရမည်ဖြစ်ပါသည်။ အဆိုပါပုဒ်မ ၁၀၁ တွင်ပါရှိသော စကားရပ် များနှင့်ဆက်စပ်ကောက်ယူသည့်အခါမှ အထက်ပါ ပုဒ်မ ၁၃၈ (က) နှင့် ပုဒ်မ ၁၅၈ (က) တို့ပါ ပေးပို့သူမှာ ပြည်ထောင်စုလွှတ်တော်သာ ဖြစ်သည်ကို တွေ့ရှိရ ပါသည်။ သို့ပါ၍ အဓိပ္ပါယ်နှစ်ခွထွက်နေသော ပုဒ်မ ၁၃၈ (က) နှင့် ပုဒ်မ ၁၅၈ (က) တို့အား ပြင်ဆင်သင့်သည်ဟု လေ့လာတင်ပြအပ်ပါသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်

ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ စာရင်းစစ်ချုပ်များ၏ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းအတိုင်းသာ ဖြစ်သည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏သက်တမ်းနှင့်အညီ ၅ နှစ်ဖြစ်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသော်လည်း နိုင်ငံတော်သမ္မတကဲ့သို့ ၂ ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရကြောင်းကိုမူ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအတွက်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရာထူးသက်တမ်းဆိုင်ရာပြဋ္ဌာန်းချက်ပင် မပါရှိဘဲ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ ပြဋ္ဌာန်းသည့်အခါတွင်မှ နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ နိုင်ငံ တစ်နိုင်ငံ၏အရေးအပါဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထိုသို့သောအချက်များအား အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနည်းတူ အတိအကျ ဖော်ပြပြဋ္ဌာန်းသင့်ကြောင်း အလျဉ်းသင့်၍ တင်ပြအပ်ပါ သည်။

**မလေးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ပညာရှင်များ၏ သုံးသပ်ချက်များကို တင်ပြခြင်း**

၇၁။ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်တို့သည် မလေးရှားနိုင်ငံ အကျယ်အဝန်း စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော်လည်း လူဦးရေမှာ မလေးရှားနိုင်ငံ လူဦးရေစုစုပေါင်း၏ ၈ ပုံ ၁ ပုံသာ ရှိပါသည်။မလေးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် လက္ခဏာရပ်များဖြင့် လွှမ်းခြုံထားသကဲ့သို့ မြင်တွေ့ရသော်လည်း လက်တွေ့တွင်မူ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ် နှစ်ခုနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်ကို ၎င်းတို့လိုချင်သည့်ပုံစံဖြင့် မလေးရှားအစိုးရက ပုံဖော်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ် နှစ်ခုသည် **MA63 ဟု ခေါ်ဆိုသည့် ၁၉၆၃ ခုနှစ်၊ မလေးရှားသဘောတူညီချက်**အရ မလေးရှားနှင့် ပူးပေါင်းခဲ့သော ပြည်နယ်များ ဖြစ်ကြပါသည်။ ထိုသို့ မပူးပေါင်းမီ ၁၉၆၂ ခုနှစ်၌ ဗြိတိသျှနှင့် မလေးအစိုးရအဖွဲ့ဝင်များ ပါဝင်သော Cabbold ကော်မရှင်က ထိုပြည်နယ်နှစ်ခုသို့ သွားရောက်ခဲ့ပြီး တွေ့ရှိချက်များကိုအစီရင်ခံတင်ပြခဲ့ပါသည်။ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်နှစ်ခု၏ ထူးခြားသည့် အခြေအနေများဖြစ်သော ဌာနေတိုင်းရင်းသားများအတွက် ဖက်ဒရေးရှင်းတွင် လူမျိုးစုဆိုင်ရာ ပါဝင်ပတ်သက်မှု၌ ရုပ်ပိုင်းဆိုင်ရာအလှမ်းကွာမှုများ၊ မလေးပြည်ထောင်စုနှင့်စင်္ကာပူမှ လူမျိုးစုများကဲ့သို့ နိုင်ငံရေးရင့်ကျက်မှု မရှိသေးသည်များကို ထောက်ပြခဲ့ပါသည်။ ထို့ကြောင့် အခွင့်အရေးများ ပိုမိုရရှိသော အနောက်

မလေးရှားတို့နှင့်အပြိုင် အရှေ့မလေးလူမျိုးများအား အခွင့်အရေးများ ဖြစ်နိုင်သမျှ ပေးအပ်ရန် ကော်မရှင်က ညွှန်ပြခဲ့သည်ဟု တွေ့ရှိရပါသည်။ ထို့ကြောင့် ပြည်နယ်နှစ်ခုအား အနောက်မလေးရှားမှ ပြောင်းရွှေ့လာမည့်သူများကို ထိန်းချုပ်ရန်နှင့် တရားမဝင်ပြောင်းရွှေ့ခြင်းများကို ထိန်းချုပ်ခွင့်များ ပေးအပ်ခဲ့ပါသည်။

၇၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအား အသေးစိတ်စိစစ်သည့်အခါ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်များသည် အခြားပြည်နယ်များထက် အခြေအနေအဆင့်အတန်း အမှန်တကယ် ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်တို့အား လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားသည်ဆိုသော်လည်း အမှန်တကယ်များပြားလှသည်ဟု မယူဆနိုင်ကြောင်း ပညာရှင်များက သုံးသပ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၇၃။ အရေးပါသည့်အချက်များကို အကျဉ်းဖော်ပြမည်ဆိုပါက

၁။ အစ္စလာမ်ဘာသာအား နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ပြီး ဆာဘာနှင့် ဆာရာဝပ်တွင် ကျင့်သုံးမှုမရှိသော်ငြားလည်း ထိုပြည်နယ် ၂ ခုမှ ဌာနေတိုင်းရင်းသားများအား အစ္စလာမ်ဘာသာထဲသို့ဝင်ရောက်ရန် ဖိအားပေးနေခြင်းနှင့် အခြားယဉ်ကျေးမှုပုံစံများဖြင့်လည်း ကြားဝင်နှောင့်ယှက်နေခြင်းများ သိသိသာသာ ပေါ်လွင်နေသည်ကို တွေ့ရှိရခြင်း၊ အစ္စလာမ်တရားဥပဒေစနစ်သို့ ပြုပြင်ပြောင်းလဲခြင်းများပါဝင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို ဆာဘာနှင့်ဆာရာဝပ်ရှိ အစိုးရများ၏ သဘောတူညီမှုမပါဘဲ ဆက်လက်လုပ်ဆောင်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် အစ္စလာမ်ဘာသာအား ဆာဘာပြည်နယ်၏ ပြည်နယ်ဘာသာအဖြစ် သတ်မှတ်ခဲ့ခြင်း၊

၂။ ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်အစိုးရအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ အပ်နှင်းသည်ဆိုသော်လည်း အဆိုပါကိစ္စတွင် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်း၍ ဖက်ဒရယ်အစိုးရ၏ ထိန်းချုပ်မှုများနှင့်အောက်ခြေမှ လိုက်စားမှုများရှိနေခြင်း၊

၃။ ဆာဘာနှင့် ဆာရာဝပ်လူမျိုးများ အစဉ်သဖြင့်ပါဝင်သော ဘော်နီယမ်မိုက်ဖေးရှင်းအား မြန်နိုင်သမျှမြန်မြန် ဆက်လက် (ပြည်သူ့ဝန်ဆောင်မှု/ ပြည်သူများ၏ ဆောင်ရွက်ချက်များဖြင့်) လုပ်ဆောင်သော်လည်း အောင်မြင်မှုမရှိခဲ့ခြင်း။ ၂၀၁၃ ခုနှစ်၌ ဆာဘာပြည်နယ်ရှိ ဖက်ဒရယ်ဆိုင်ရာဌာန၌ ၄၀ % ခန့်သည် ဆာဘာဟန်များဖြစ်နေခဲ့ကြသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မူ ဆာဘာနှင့် ဆာရာဝပ်ရှိ မူဆလင်မဟုတ်သော ဘူမိပူထရာလူမျိုးများမှာ ဖက်ဒရယ်အစိုးရ အလုပ်အကိုင်အားလုံး၏ ၂ % လောက်သာရှိကြခြင်း၊

၄။ ထိုပြည်နယ် ၂ ခုမှ ဌာနေတိုင်းရင်းသားများသည် မလေးရှားပြည်ထောင်စုမှ မလေးအသိုင်းအဝိုင်းအားပေးအပ်ထားသော အထူးအခွင့်အရေးများကို တန်းတူ ခံစားခွင့်ရှိသော်လည်း လက်တွေ့တွင်မူ ထိုလူမျိုးများသည် ဒုတိယအဆင့် ဘူမိပူ ထရာလူမျိုးအဖြစ်သာ ဆက်ဆံခံခဲ့ရပြီး ယင်းပြဿနာမှာ ၁၉၇၁ ခုနှစ်၌ ပေါ်ပေါက် ခဲ့ခြင်း၊

၅။ ပြည်နယ် ၂ ခုအား ၎င်းတို့၏ ဘဏ္ဍာရေးအတွက် မြင့်မားသည့် လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်ဆိုသော်လည်း ထိုပြည်နယ် ၂ ခု၏ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းအပေါ် မင်းမျိုးမင်းနွယ်များက ၅% ရယူနေပြီး ထိုပြည်နယ် ၂ ခု သည် ဘဏ္ဍာရေးလိုအပ်ချက်များဖြင့် မပြည့်မစုံဖြစ်နေရသည့်အပြင် မလေးရှား၏ အခြားဒေသများနှင့် စံပြုနိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုသည် အောက်ခြေသို့ ရောက်ရှိနေခြင်းတို့ ဖြစ်ပါသည်။

၇၄။ အခြားရှုထောင့်များစွာ၌ မလေးဖက်ဒရယ်စနစ်မှာ အောင်မြင်သည်ဟု ခေါ်ဆိုနိုင်သော် လည်း အရှေ့မလေးရှားပြည်နယ် ၂ ခု၏ ရှုထောင့်မှကြည့်လျှင် ဖက်ဒရယ်စနစ်အား မည်သို့ ဆက်လက် ကျင့်သုံးမည်ဆိုသော စိုးရိမ်ဖွယ်ရာအချက်များရှိနေသည်ကို တွေ့ရှိရပါသည်။ အရှေ့မလေးရှားဟုခေါ်သော ထိုပြည်နယ်၂ ခုသည် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမှာ အနောက်မလေးရှားဟုခေါ်သည့် မလေးကျွန်း ဆွယ်ထက် များစွာနောက်ကျသည်ကို တွေ့ရှိရပါသည်။

၇၅။ ထိုပြည်နယ်နှစ်ခုရှိ ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးများ နစ်နာခဲ့ရပြီး ဒေသခံ ပြည်သူများသည် ကျန်းမာရေးကြိုတင်ကာကွယ်ပေးမှုများနှင့်စပ်လျဉ်း၍ မမျှတမှုများ အလုံး အရင်းဖြင့် ခံစားရသကဲ့သို့ ကလေးငယ်များနှင့်မိခင်များ၏ အသေအပျောက်နှုန်းများသည် လည်း မြင့်တက်လာခဲ့ပါသည်။ ပညာရေးအဆင့်အတန်းနိမ့်ကျမှုများ၊ အမြစ်တွယ်နေသော ဆင်းရဲမွဲတေမှုများ၊ စာမတတ်သူဦးရေမြင့်မားလာခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာ၌ ကန့်သတ်ခံနေရခြင်းများ အနှံ့အပြားရှိခဲ့ပါသည်။ သို့အတွက် ယခုအခါတွင် ခွဲထွက်ရေးကို ထောက်ခံမှုများရှိနေသည်ဟူသော သုံးသပ်ချက်များအား တွေ့ရှိရကြောင်း လေ့လာတင်ပြအပ် ပါသည်။

## ပြည်နယ်၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုကဝင်ရောက်စွက်ဖက်ခဲ့သောအမှု

၇၆။ ပြည်ထောင်စုနှင့်ပြည်နယ်အကြား လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဗဟုသုတရစေသည့် အမှု တစ်ခုမှာ ၁၉၆၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ထိုစဉ်က ဆာရာဝပ်ပြည်နယ်ဝန်ကြီးချုပ် စတီဖင်ကဲ့ လောင်နင့်ခမ်း၏အမှု ဖြစ်ပါသည်။ မလေးရှားပြည်ထောင်စုအစိုးရနှင့် ဆာရာဝပ်ပြည်နယ်တို့ အကြား နိုင်ငံရေးဆိုင်ရာအခြေအနေနှင့်စပ်လျဉ်း၍ အဆိုပါအမှုသည် လေ့လာတင်ပြသူ ပညာရှင် များစွာက ထည့်သွင်းဖော်ပြခြင်းခံရသည့် အမှုလည်းဖြစ်ပါသည်။ ဆာရာဝပ်ဌာနေတိုင်းရင်းသား

များ၏ အခွင့်အရေးနှင့် အကျိုးစီးပွား (အထူးသဖြင့် ၎င်းတို့၏ မြေယာထုံးတမ်းစဉ်လာ အခွင့်အရေး)များကို ကာကွယ်ရန် စတီဖင်ကဲ့လောင်နင့်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ မြေယာပိုင်ဆိုင်ခွင့်ကို ပြုပြင်ပြောင်းလဲထားသည့် ၎င်း၏ဆောင်ရွက်ချက်ကို ကွာလာလမ်ပူဖက်ဒရယ်အစိုးရက လက်မခံနိုင်ဘဲ ဆာရာဝပ်ပြည်နယ်ဝန်ကြီးချုပ် စတီဖင်ကဲ့လောင်နင့်ခမ်းတွင် ပြည်နယ်ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ယုံကြည်ကိုးစားနိုင်သည့် အရည်အချင်းမရှိဟုဆိုကာ ဖက်ဒရယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးချုပ် နုတ်ထွက်ရန် တောင်းဆိုခဲ့ပါသည်။ ပြည်နယ်ဝန်ကြီးချုပ်က ဖက်ဒရယ်အစိုးရ၏အမိန့်ကို မလိုက်နာဘဲ တရားလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုရန် တင်ပြခဲ့သည်။ တရားလွှတ်တော်က ၎င်းအား အသာပေးဆုံးဖြတ်ခဲ့သဖြင့် လက်ရှိရာထူးတွင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်ရရှိသော အများစုဆန္ဒမဲများအား ပိတ်ပင်ရန် လန်ဒန်ရှိ Privy Council သို့ အယူခံတက်ရောက်ခဲ့ပြီး ပြည်နယ်လွှတ်တော်အား ဖက်ဒရယ်အစိုးရက ကြိုးကိုင်ချယ်လှယ်ခဲ့သည်။ နောက်ဆုံးတွင် ဖက်ဒရယ်အစိုးရက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အကြောင်းပြကာ ပြည်နယ်အရေးပေါ်ကြေညာချက်ထုတ်ပြန်ပြီး ပြည်နယ်ဝန်ကြီးချုပ်အား ရာထူးမှဖြုတ်ချခဲ့သည်။ ထိုဖြစ်ရပ်သည် ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်တို့၏ နိုင်ငံရေး၌ ဖက်ဒရယ်အစိုးရက ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား ကြားဝင်စွက်ဖက်သည့် နောက်ဆက်တွဲ ဖြစ်ရပ်များအတွက်ပါ လမ်းခင်းပေးသကဲ့သို့ဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**နိဂုံး**

၇၇။ မလေးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထူးခြားချက်မှာ အခြားနိုင်ငံအတော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကဲ့သို့ နိဒါန်း၊ အခြေခံမူတို့ မပါရှိသော်လည်း ကိစ္စရပ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုမူ လုပ်ထုံးလုပ်နည်းအထိ အသေးစိတ်ထည့်သွင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံထက် ၁၀ နှစ်နီးပါးနောက်ကျပြီးမှ လွတ်လပ်ရေးရရှိခဲ့ပြီး ခွဲထွက်ရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်မျိုးကို မတွေ့ရှိရပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဟု ဖော်ပြထားပြီး ဖက်ဒရယ်အင်္ဂါရပ်များ ပါဝင်အောင် ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသက်သက်ကို ကြည့်လျှင် ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားသည့် ဖက်ဒရယ်စနစ်၏အနှစ်သာရကို ဖော်ကျူးထားပြီး ပြည်ထောင်စုနိုင်ငံကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ အပြန်အလှန်ထိန်းကျောင်း ကျင့်သုံးဆောင်ရွက်သည်ဟု ဆိုနိုင်သော်လည်း ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်တို့အတွက် မလေးဖက်ဒရေးရှင်းမှ ပေးသော အတွေ့အကြုံမှာ အောင်မြင်မှုမရှိသည့် ဖက်ဒရယ်စနစ်တစ်ခုသာဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


၁။ The Constitution of the Federation of Malaya.

၂။ The Constitution of the State of Sabah.

၃။ 'Constitution-Building and Constitutional Culture:The case of Malaysia' by Dian A H Shah Faculty of Law, National University of Singapore.

၄။ Asymmetric Federalism and Protection of Indigenous Peoples: The Case of Sabah and Sarawak in Malaysian Federalism by Andrew Harding.

၅။ The Official Portal of Parliament of Malaysia.

၆။ The Judicial Committee of the Privy Council


## အင်တာနက်ဝက်ဘ်ဆိုဒ်များ


၁။ file:///D:/Malaysia/FEDERAL%20CONSTITUTION%20%20%20%20%20 perlembagaan-persekutuan-bi.pdf

၂။ file:///D:/Malaysia/TheConstitutionOfTheStateOfSabah_4.pdf

၃။ file:///D:/Malaysia/Melbourne%20forun%20Malaysia-DianShah.pdf

၄။ file:///D:/Malaysia/Asymmetric%20Federalism%20and%20Protection%20of%20Indigenous%20Peoples%20The%20Case%20of%20Sabah%20and%20Sarawak%20in%20Malaysian%20Federalism%20-%2050%20Shades%20of%20Federalism.html

၅။ file:///D:/Malaysia/Official%20Portal%20of%20The%20Parliament%20of%20Malaysia%20-%20General%20Information.html

၆။ https://www.supremecourt.uk/docs/beginners-guide-to-the-judicial-committee-of-the-privy-council.pdf

၇။ https://www._lawyerment.com/library/kb/Legal_Institutions/_Judiciary/1512.htm

၈။ https://en.wikipedia.org/wiki/History_of_the_Malaysian_Constitution#:~:text=In%20the%20Federation%2C%20the%20Federal,of%20law%20by%20the%20Ordinance.